


# Annual Report 2019-2020

Ever Flow River Group Public Co., Ltd

# Table of Contents


## Introduction

Highlights and Key Dates 4
Chairman’s Statement 5
Corporate Profile 10
Corporate Information 20

## Performance 2020

Group Performance Review 22
The Strategic Partnership with Ayar Hinthar Holdings 36
Review and the Future Prospect 40
Sustainability at EFR 43

## Corporate Governance and Shareholder Information

Corporate Governance Report 53
Remuneration 86
Risk Management 91
Shareholder Information 98

## Financials 2020

Director’s Report 104
Statement of Management’s Responsibility 106
Independent Auditor’s Report 107
Consolidated Statement of Financial Position 109
Consolidated Statement of Comprehensive Income 110
Consolidated Statement of Changes in Equity 112
Consolidated Statement of Cash Flows 114
Notes to the Financial Statements 115




# Introduction

## Highlights and Key Dates

# 13.2 billion MMK

Revenue

# 10.52% ▲

Revenue Increase
from Last Fiscal Year

# Over 2,700

Numbers of Customers
Served

Annual General Meeting
3rd July, 2021

Closure of Registers of Members/ Record Date
20th May, 2021

# Chairman's Statement

***Dear Shareholders,***

***Let me first thank you for investing in EFRGOC. With this Annual Report covering our first fiscal year after the company's successful listing on Yangon Stock Exchange, we want to report our business, initiatives, and results for 2020.***

It has been an eventful year since our company was successfully listed on Yangon Stock Exchange in May 2020, in otherwise the first month of 1382 Myanmar Calendar Year. In the meantime, 2020 was a difficult year for many industries including logistics, significantly the COVID-19 outbreak has weighed on the domestic and global economy and restrained logistics activities across the globe.

In this current world of rapid change, we see the need to stay extra alert and flexible adapting to new challenge. As the COVID-19 pandemic spreads farther, its full impact on the domestic, regional, and global supply chain and the world economy are still unknown. Therefore, we must remain vigilant and ready for a range of scenarios including contingencies for a global downturn. Riding on EFR business and network diversification, we will continue empowering our people to innovate and embrace technology to seize new opportunities in the modern world.

## Energized for greater growth

Despite COVID-19, 2020 was a significant year for EFRGOC, setting another historic milestone by completing our listing process on YSX main board. By December 2020, the company market capitalization and per share price jumped around 44% from the first trading day. The success of YSX listing reflected the capital market's confidence in our growth prospects in the country.

Such an accomplishment is only possible because of the many years of investment in our people and in a wide range of capabilities throughout the nation. Me and the Board of Directors are convinced that EFRGOC's new equity story will create substantial value over time and put us in a much better place to grow profitably and reward shareholders than was available at the start of YSX listing.

I would like to encourage existing shareholders to stay on board, keep supporting us and be awarded ultimately for your loyalty. I'd also like to welcome new shareholders to join and benefit from the exciting new journey.

## Accelerating the growth by expanding the portfolio

On 12th August 2020, we have successfully signed an agreement on the establishment of "A Logistics Co., Ltd" in cooperation with the Ayeyar Hinthar Holdings Co., Ltd (AHH) under our solely owned subsidiary Unison Choice Services Limited. The newly joint venture company will be act as the contractor and operator of the Ayeyarwaddy International Industrial Port (AIIP), a multiple logistics infrastructure, the Pathein Industrial City in Pathein, the capital of Ayeyarwaddy Region.

The project, with an area of nearly 6,700 acres, is located on Pathein-Ngapudaw highway in Pathein Industrial City near Pathein.

We have started conduction the Feasibility Study and the Design Development of AIIP over a year ago in cooperation with the Ayeyar Hinthar Holdings Co., Ltd. The project will have a complete set of infrastructures including an international-level port, warehouses, a container yard, and bonded warehouses to serve as the main logistics hub of the Pathein Industrial City.

We optimistically believe that the AIIP will give the smoother access to logistics for the development of manufacturing and trading sectors of the Ayeyarwaddy Region and the nearby areas, the transportation of local products to global market at less cost. Moreover, the agriculture, livestock & fisheries products, and the other local products of Myanmar will have greater competitive edge in the international market once the strategic project is done and also the project will partly promote the domestic production capacity to gain the initiative in distributing value-added goods. Last but not least, the development of the industrial city and the major port will generate massive employment opportunities for the locals.

### Who we are and what we do – responding to the COVID-19 pandemic

While we were heading off existing challenges and positioning our company to leverage future opportunities, a new challenge emerged in 2020 unlike anything we could have predicted, the COVID-19. As the virus spread throughout the glob, the safety of our team and our customers remained our absolute first priority.

My most sincere appreciation goes to teams across EFRGOC – both those working resolutely behind the scenes and our frontline team members – whose efforts combined to keep the nation's health care, industrial, and trade supply chains moving in a truly historic way.

### Thank you for your continued support

With the progress demonstrated in 2020 we have completed the first phase of our transformation. We remain committed to becoming an integrated transport and logistics company, delivering a higher return to our shareholders, while enabling global, regional, and domestic trade in affordable, simple, and sustainable way.

On behalf of the Board of Directors and the management team, I would like to extend my sincere gratitude to all our employees across the country for their continued passion, efforts, and dedication to EFRGOC who's loyalty and contributions have enabled our unique position and is the foundation for our future.

EFRGOC is the network for what's next, and we have the backing of the sharpest team in the business.

Kyaw Lwin OO
Chairman, Non-Executive Director
EFR Group Public Co., Ltd

## ဥက္ကဌ၏ အစီရင်ခံစာ

***လေးစားအပ်ပါသောအစုရှယ်ယာရှင်များ ခင်များ***

***"ပထမဦးစွာကျွန်ုပ်တို့၏ Ever Flow River Group Public Co., Ltd ၌ ယုံကြည်စွာရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သောရင်းနှီးမြှုပ်နှံသူတစ်ဦးစီတိုင်းအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ဤနှစ်ပတ်လည်အစီရင်ခံစာသည် ကျွန်ုပ်တို့ EFR Group အနေဖြင့်ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်ပြီးနောက် ပထမဦးဆုံးအကြိမ် ပြည်သူများထံသို့ တင်ပြအပ်သောနှစ်ပတ်လည်အစီရင်ခံစာဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ၂၀၂၀ ခုနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်ပြီးစီးခဲ့သည့် စီးပွားရေးဆိုင်ရာတိုးတက်မှုများ၊ ထပ်မံတိုးချဲ့လုပ်ကိုင် ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများ နှင့် တိုးတက်မှုရလဒ်များအား ဤအစီရင်ခံမှု တစ်ဆင့်တင်ပြအပ်ပါသည်။"***

၂၀၂၀ခုနှစ်၊ မေလ ( မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ခူးလ ) သည် ကျွန်ုပ်တို့၏ ကုမ္ပဏီအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ စာရင်းဝင်နိုင်ခဲ့သည့် အမှတ်ရစရာ နှစ်တစ်နှစ် ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်သည် သယ်ယူပို့ဆောင်ရေး အပါအဝင် လုပ်ငန်းများစွာအတွက် အလွန်ခက်ခဲသော နှစ် တစ်နှစ် လည်းဖြစ်ပါသည်။ အထူးသဖြင့် COVID-19 ဖြစ်ပွားမှုသည် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများအပြင် ကမ္ဘာ့အနှံ့ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ်၌ ပို၍ အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။

ယခုကဲ့သို့ ပြောင်းလည်းမှုမြန်ဆန်လွန်းသော ကမ္ဘာကြီး၌ စိန်ခေါ်မှုအသစ်များကို လိုက်လျောညီထွေရှိစွာ ရင်ဆိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် အမြဲနိုးနိုးကြားကြား ရှိနေရန် လိုအပ်ပါသည်။ COVID-19 ကူးစက်ပျံ့နှံ့မှုနှုန်း တိုးမြင့်လာသည်နှင့်အမျှ ပြည်တွင်း ပြည်ပကုန်စည်စီးဆင်းမှုများအပြင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုများအပေါ်၌ ၎င်း၏ အကျိုးသက်ရောက်မှု မည်ကဲ့သို့ရှိမည်ကို အတိအကျပြောနိုင်ရန်မှာ အလွန်ပင်ခက်ခဲလှပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု အပါအဝင် အရေးပေါ် အခြေအနေအရပ်ရပ်အတွက် အဆင်သင့်ရှိနေရမည်ဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ စီးပွားရေးနှင့် ကွန်ယက် အမျိုးမျိုးအသုံးပြု၍ ကျွန်ုပ်တို့၏ လူများအား ခေတ်သစ်ကမ္ဘာတွင် နည်းပညာ အခွင့်အလမ်းသစ်များကို ရယူနိုင်ရန်အတွက် အကောင်းဆုံး ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

### ပိုမိုမြင့်မားသော တိုးတက်မှုများ အတွက် အားထုတ် ကြိုးပမ်းခဲ့မှုများ

၂၀၂၀ ပြည့်နှစ်သည် COVID-19 ကပ်ရောဂါဆိုးကြောင့် အခက်အခဲများစွာရှိခဲ့သော်လည်း ကျွန်ုပ်တို့ Ever Flow River Group Public Co., Ltd အတွက် သမိုင်းမှတ်တိုင်တစ်ခုတည်ဆောက်နိုင်ခဲ့သည့် နှစ်တစ်နှစ်လည်း ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသော အရည်အချင်း သက်မှတ်ချက်များအား အောင်မြင်၍ ရန်ကုန်စတော့အိပ်ချိန်း၏ အဓိကဈေးကွက် (main board) တွင် ဆဋ္ဌမမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်လာခဲ့ပါသည်။ ပထမဆုံး ကုန်သွယ်မှုနေ့မှ ၂၀၂၀၊ ဒီဇင်ဘာလအတွင်း ကျွန်ုပ်တို့ကုမ္ပဏီအရင်းအနှီးနှင့် အစုရှယ်ယာဈေးနှုန်းသည် (၄၄) ရာခိုင်နှုန်း ဝန်းကျင်သို့ မြင့်တက်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီအဖြစ်ရပ်တည် အောင်မြင်နိုင်ခဲ့ခြင်းသည် အရင်းအနှီး ဈေးကွက်အပေါ် ယုံကြည်မှုနှင့် ကျွန်ုပ်တို့နိုင်ငံ၏ တိုးတက်မှု အလားအလာကို ထင်ဟပ်စေခဲ့ပါသည်။

ဤသို့သော အောင်မြင်မှုရရှိခြင်းသည် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတစ်ဝှမ်းရှိ လုပ်ဆောင်လျက်ရှိသော ကျွန်ုပ်တို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကြောင့်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ EFR Group သည်

အချိန်ကြာလာသည်နှင့် အမျှ သိသာ ထင်ရှားသည့် အောင်မြင်မှုများကိုဖန်တီးနိုင်မည့်အပြင် ရန်ကုန်စတော့ အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီအဖြစ် စတင်ရပ်တည်ချိန်၌ ရရှိထားသောအမြတ်အစွန်းများထက် များစွာကြီးထွားလာရန်နှင့် အစုရှယ်ယာရှင်များအားပိုမို ကောင်းမွန်သော အခြေအနေများ ဖန်တီးပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ ယုံကြည်ကြပါသည်။

ကျွန်ုပ်တို့၏ လက်ရှိရှယ်ယာရှင်များအနေဖြင့် EFR Group ကို ဆက်လက်ထောက်ခံ၍ အဆုံးစွန်၌ အကျိုးအမြတ်များကို မျှဝေခံစားရန် ပြောကြားလိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် EFR ၏ စိတ်လှုပ်ရှားဖွယ် အနာဂတ်ခရီး၏ အသီးအပွင့်များကိုခံစားရန် ရှယ်ယာရှင်အသစ်များကိုလည်း အမြဲပင်ကြိုဆိုလျက်ရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှုများအားချဲ့ထွင်၍အရှိန်အဟုန်မြင့်သောဖွံ့ဖြိုးတိုးတက်မှုများလုပ်ဆောင်ခြင်း

၂၀၂၀၊ သြဂုတ်လ ၁၂ ရက်နေ့တွင် ကျွန်ုပ်တို့၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Unison Choice Services Limited နှင့် Ayeyar Hinthar Holdings Co. , Ltd (AHH) နှင့် ပူးပေါင်း၍ " A Logistics Co. , Ltd" တည် ထောင်ရန်အတွက် နားလည်မှုစာချွန်လွှာ သဘောတူစာချုပ်အား အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ အဆိုပါ အသစ်ဖွဲ့စည်းထားသော ဖက်စပ်ကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပုသိမ်စက်မှုမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ဧရာဝတီစက်မှုဆိပ်ကမ်း (AIIP) အား ကန်ထရိုက်တာနှင့် အော်ပရေတာအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းစီမံကိန်းသည် ပုသိမ်မြို့အနီး ပုသိမ်-ငပုတော အဝေးပြေးလမ်းမပေါ်ရှိ ပုသိမ်စက်မှုမြို့တော်ပေါ်၌ တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၆၇၀၀ ဧကခန့်ရှိပါသည်။

ထိုအပြည်ပြည်ဆိုင်ရာဧရာဝတီစက်မှုဆိပ်ကမ်း (AIIP) စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရန် လွန်ခဲ့သောတစ်နှစ်ကျော်ခန့်မှစတင်၍ရောဟသ်ာဟိုးဒင်း ကုမ္ပဏီလီမိတက်နှင့်ပူးပေါင်း၍ ဖြစ်နိုင်ချေဆန်းစစ် လေ့လာခြင်း (Feasibility Study)၊ ဒီဇိုင်း ရေးဆွဲခြင်း (Design Development) တို့အား စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ ဤစီမံကိန်း၌ အပြည်ပြည်ဆိုင်ရာအဆင့်ဆိပ်ကမ်း၊ ဂိုဒေါင်များ၊ ကွန်တိန်နာသိုလှောင်ရုံများ၊ Bonded Warehouse များအပါအဝင် အခြားလိုအပ်သောအခြေခံအဆောက်အအုံများ အပြည့်အစုံပါဝင်မည့်အပြင် ပုသိမ်စက်မှုမြို့တော် ဖွံ့ဖြိုးတိုးရန်အတွက် လိုအပ်သောဘက်စုံထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများစွာလည်း ပါဝင်မည်ဖြစ်ပါသည်။

ဧရာဝတီအပြည်ပြည်ဆိုင်ရာစက်မှုဆိပ်ကမ်း (AIIP) သည် ဧရာဝတီတိုင်းဒေသကြီးသာမက အနီးအနားဒေသများ၏ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသတွင်း ထွက်ကုန်ပစ္စည်းများအား ကမ္ဘာ့ဈေးကွက်သို့ သယ်ယူပို့ဆောင်ရာ၌ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် လိုအပ်သော Logistics ဆိုင်ရာ ထောက်ပံ့ပေးမှုများလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ အခြားဒေသ ထွက်ကုန်ပစ္စည်းများသည်လည်း ဤစီမံကိန်း အောင်မြင်စွာပြီးသည်နှင့် တပြိုင်နက်နိုင်ငံတကာ ဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိမည် ဖြစ်သည်။ ထို့အပြင် တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရာတွင် လိုအပ်သော လက်ဦးမှုရရှိရန်အတွက် ပြည်တွင်းထုတ်လုပ်မှု စွမ်းရည်အား တစ်စိတ်တစ်ပိုင်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် စက်မှုမြို့တော်ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ဒေသခံများစွာအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

## EFRအနေဖြင့်Covid 19 ကမ္ဘာ့ကပ်ရောဂါအား တုန့်ပြန်ရင်ဆိုင်ခြင်း

ကျွန်ုပ်တို့သည် လက်ရှိစိန်ခေါ်မှုများကို အကောင်းဆုံးရင်ဆိုင်ကျော်ဖြတ်ပြီးပြီး အနာဂတ်အခွင့်အလမ်းများကို အသုံးချ၍ ကုမ္ပဏီအားပိုမိုတိုးတက်အောင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသော်လည်း၊ ၂၀၂၀ ခုနှစ်တွင် ကျွန်ုပ်တို့အားလုံး လုံးဝမျှော်လင့်မထားသော ကမ္ဘာ့ကပ်ရောဂါ COVID-19 စိန်ခေါ်မှုအသစ်တစ်ခု ကိုရင်ဆိုင်ခဲ့ရပါသည်။ COVID-19 ဗိုင်းရပ်စ်ပိုးသည် ကမ္ဘာအနှံ့ပျံ့နှံ့လာသည်နှင့်အမျှ ကျွန်ုပ်တို့အဖွဲ့အစည်း နှင့် Customers များ၏လုံခြုံမှုကို ပထမဆုံးအကြွင်းမဲ့ ဦးစားပေးမှုတစ်ခုအဖြစ် အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုများစွာကို မငဲ့ကွက်ဘဲ တိုင်းပြည်၏ကျန်းမာရေး စောင့်ရှောက်မှုများ၊ စက်မှုနှင့်ကုန်သွယ်ရေး ထောက်ပံ့မှုလုပ်ငန်းများအား အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် နောက်ကွယ်မှ ပံ့ပိုးဆောင်ရွက်နေသူများနှင့်၊ ရှေ့တန်းမှ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ပေးနေသော သူများအားလုံးကို ကျွန်ုပ်တို့ EFR Group မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

## EFR အား အစဉ်ထောက်ပံ့အားပေးမှုကို ကျေးဇူးတင်ရှိခြင်း

၂၀၂၀ ခုနှစ် တွင်ရရှိခဲ့သည့် တိုးတက်မှုများနှင့်အတူ ကျွန်ုပ်တို့သည် ပြောင်းလဲခြင်း၏ ပထမအဆင့်အား အောင်မြင်စွာ အကောင်အထည်ဖော်ပြီးမြောက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ပြည်တွင်းပြည်ပနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအား ရိုးရှင်း၍ ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် လုပ်ဆောင်သော ဘက်စုံသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီတစ်ခု အဖြစ် ရပ်တည်ရန်နှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များအား ပိုမိုမြင့်မားသော အမြတ်အစွန်းများရရှိစေရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နောက်ဆုံးအနေဖြင့် EFR Group အတွက် စိတ်အားထက်သန်စွာ ကြိုးပမ်းအားထုတ်၍ လုပ်ဆောင်ပေးခဲ့ကြသော တိုင်းပြည်တစ်ဝှမ်းရှိ ကျွန်ုပ်တို့၏ဝန်ထမ်းများအားလုံးအား ဒါရိုက်တာဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ကိုယ်စား ကျွန်ုပ်မှစိတ်ရင်းမှန်ဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ထို့အပြင် ကျွန်ုပ်တို့ဝန်ထမ်းများ၏ သစ္စာရှိမှုနှင့် ပံ့ပိုးမှုများသည် ကျွန်ုပ်တို့အတွက် အလွန်အင်မတန် တန်ဖိုးကြီးမားလှသည့်အပြင် ကျွန်ုပ်တို့၏အနာဂတ်ပန်းတိုင်သို့ အောင်မြင်စွာ ရရှိအောင်ဆောင်ရွက်နိုင်ရန်တွက် အရေးပါလွန်းလှသော အခြေခံအုတ်မြစ်ဖြစ်ကြောင်းလည်း ထပ်လောင်း ပြောကြားလိုပါသည်။

ကျွန်ုပ်တို့ EFR Group အနေဖြင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုများ လုပ်ဆောင်ရန်အတွက် ကျယ်ပြန့်သော စီးပွားရေး ကွန်ယက်များရှိသည့်အပြင် အကောင်းဆုံးအောင်မြင်မှုများ ရရှိရန်အတွက် ပံ့ပိုးပေးနိုင်သော ဝန်ထမ်းအဖွဲ့အစည်းများလည်းရှိပါသည်။

ကျော်လွင်ဦး
ဥက္ကဌ၊ အမှုဆောင်မဟုတ်သောဒါရိုက်တာ
EFR Group Public Co., Ltd.

# Corporate Profile

Our Chairman U Kyaw Lwin Oo started the business as a Customs Clearance Agent in 1998. Due to his extensive knowledge of the customs clearance, shipping, domestic transportation, and logistics sectors, he has managed to build up a vast network of international freight forwarders, shipping agents, and logistics partners, developing the business into the group of companies that we are now known as. EFR has built a reputation as an effective and efficient international freight forwarder that provides total logistics solutions to not only domestic customers but also international customers.

Keeping in mind that the core business of EFR is in the logistics sector, our Chairman has diversified the business into total logistics, trading, and logistics infrastructure development. With the economic reform that is taking place in Myanmar, our Chairman aims to take the opportunity to further develop the logistics infrastructure of Myanmar on a national level and improve the transportation and logistics sectors to be on par with neighboring countries.

EFR was incorporated as a public company limited by shares on 10 April 2014 in accordance with the Myanmar Companies Act 1914 (“MCA”). EFR has completed re-registration under the MCL and obtained a certificate of incorporation issued by the Directorate of Investment and Company Administration (“DICA”).

## Subsidiaries and Affiliate Activities

### A Logistics Co., Ltd

A Logistics Co., Ltd was established as a joint venture company between Ayeyar Hinthar Holdings Co., Ltd and Unison Choice Services Ltd (subsidiary of EFR Group Public Co., Ltd) to operate not only for Total Logistics Solution but also for Ayeyarwady International Industrial Port (AIIP) operation in 2020, July 13 with experience community.

The project, located on over 6,700 acres of land in Pathein Industrial Park on Pathein – Ngaputaw Road, will include infrastructures such as international port, warehouses, container field and bonded warehouses.

### Hlaing Inland Terminal and Logistics Co., Ltd.

Hlaing Inland Terminal and Logistics Co., Ltd, is a JV company between EFR and Lann Pyi Marine Co., Ltd, of which EFR holds a 49% interest. The project involves the construction of a port, container-storage yard, and operation of logistics services on a 40-acre area of land in Yangon near the North-west Industrial Zone. Lann Pyi holds an unlimited concession right over the Project Land. The JVA is for a period of 50 years.

EFR is responsible for operation of the main activities of the Hlaing Inland terminal project, which include providing an Inner River Port, Container Depot, Customs-bonded Warehouse, and Total Logistics Solutions. Hlaing Inland

terminal project uses Barges for linking between the projects with the Thilawa Ports strategically. The port construction is subject to an agreement with the Myanmar Port Authority and will be on the Hlaing riverbank in connection with the Project Land. Management of the port by EFR will be subject to a port management agreement between the parties.

The value proposition of the project is to provide a one-stop logistics service with an overall competitive cost and convenience to customers whose warehouses and factories are located in the western part of Yangon major industrial zones such as Hlaing Thayar, Shwe Lin Pan, and Htantapin. Upon completion, customers could benefit from substantial cost savings in both import and export with the logistics supply chains under EFR.

### Ever Flow River Logistics and Distribution Center (Mandalay) Co., Ltd.

An inland intermodal terminal is directly connected by road or rail to a seaport and operating as a center for the transshipment of sea cargo to inland destinations. In Myanmar, inland intermodal terminals are necessary for Myanmar to take full advantage of its strategic location linking China and India, as well as connecting the Southeast Asian region.

The Government of Myanmar has designated eight cities to host an inland intermodal terminal with the focus on contribution to national development through an increase in international trade as well as domestic transportation and logistics services. To this end, the government has engaged selected companies to develop inland intermodal terminals on a Build-Operate-Transfer ("BOT") basis.

A Memorandum of Understanding ("MOU") was entered into between EFR, as the concessionaire, and the Mandalay Regional Government, as the landowner, concerning a land concession for an inland intermodal terminal project in Mandalay Region on a BOT basis with a term of 70 years (i.e., an initial 50 years plus two renewable periods of 10 years each) from the commercial operation date. The inland intermodal terminal project involves the railway transportation of merchandise and goods between Yangon and Mandalay.

The BOT contract has been agreed and signed. The contract provides for the construction of the intermodal terminal to allow the transportation of merchandise and goods via the Yangon-Mandalay railway. The total area of the inland intermodal terminal Project Land is 14.05 acres, which is rented from the Mandalay Government. The value proposition of the project is to set up a one-stop intermodal inland terminal in Mandalay, providing cost savings through railway routes instead of trucking.

### Myanmar Round the World Logistics, Ltd.

Myanmar Round the World Logistics, Ltd, is a wholly owned subsidiary of EFR, providing domestic transportation by both containerization as well as general cargo, international freight forwarding, and total logistics services. MRTW Logistics mainly focuses on the air freight market and is working with international airlines, such as Nippon Air and Etihad Air, as their appointed general sales agent/cargo sales agents. Its major customers are garment merchandizers from Japan.

## Multipack Engineering Services, Ltd.

Multipack Engineering Services, Ltd. a wholly owned subsidiary of EFR, is providing services such as logistics engineering, infrastructure, transport and installation, garment-on-hanger construction, telecom projects, general engineering services, civil engineering services, mechanical and electrical services, earthwork and road construction, project feasibility study and design development, project management and consultancy. Multipack aims to be able to provide turn-key project services. Multipack provides services to companies, including China's Huawei Technologies Co., Ltd., across Myanmar.

Multipack has entered into a JVA to establish and hold a 40% interest in UTOC Multipack Myanmar Co., Ltd. which is a JV company between Multipack and Asia UTOC Pte., Ltd. The main business activities of UTOC Multipack will be providing freight forwarding services, warehousing, machine installation and equipment work, and logistics services. Multipack's assets have been transferred to UTOC Multipack as part of the JVA and accompanying asset transfer agreement.

## Unison Choice Services, Ltd.

Unison Choice Services, Ltd. was incorporated in 2012 and is a wholly owned subsidiary of EFR, providing total logistics solutions to international garment and textile customers with container storage facilities at Ahlone International Port Terminal and Myanmar Industrial Port. The company became the authorized agent of Sinokor (Korean Shipping Line) since early 2016, focusing on short-haul shipping in Asia. Although UCS provides total logistics solutions, its strength lies in logistics services related to garment exportation.

## EFR G-Link Express Services, Ltd.

EFR G-Link Express Services, Ltd. is a wholly owned subsidiary of EFR, which was the first-ever established company of EFR and is a strategically important entity of EFR Group. G-Link provides 3PL/4PL using international networks and value-added software solutions. Since it is the first subsidiary of EFR, G-Link retains many old and loyal customers and is highly reputable in the industry. Among the services provided, G-Link is strong in customs clearance and import-related services.

## MRTW Manufacturing & Inspection Co., Ltd.

MRTW Manufacturing & Inspection Co., Ltd. is a wholly owned subsidiary of EFR, specializing in garment inspection services and other services, such as needle detection services, outdoor inspection services, packaging, tagging and assortment services, barcode scanning services, and warehousing services, among others. Since Cut-Make-Pack ("CMP") gaining traction in Myanmar, there has been a huge demand for garment inspection services. The company was set up to opportunistically fill the gap in the garment industry.

## Gold Shipping Agency Services, Ltd.

Gold Shipping Agency Services, Ltd. was established in 2000 and is a wholly owned subsidiary of EFR. Its main business involves shipping agency services by working with internationally recognized carriers. The company has been an exclusive shipping agent of Hyundai Merchant Marine ("HMM") for

about 20 years. The majority of the company's revenue comes from handling fees for HMM.

In general, the company has two types of customers: freight forwarders and direct customers. Freight forwarders include the likes of Unison Choice Services, EFR G-Link Express Services, and Myanmar Round the World Logistics. However, the company also provides services to external customers. Direct customers refer to big volume importers with in-house freight forwarding teams. They deal directly with the company instead of going through freight forwarders. The management maximizes the revenue by optimizing container spaces in the shipping line and by establishing long-term relationship with its customers to fill up the spaces.

### Ever Flow River Trading Co., Ltd.

Ever Flow River Trading Co., Ltd. is EFR's wholly owned trading subsidiary, focusing on trading services for import/export, trade financing and trade house facilities with support from international trade financers and bankers. Occasionally, customers require not only end-to-end logistics services but also trading services. Depending on the credibility of customers, the management provides trade facilities via this vehicle.

# Corporate Profile

ကျွန်ုပ်တို့၏ဥက္ကဋ္ဌ ဦးကျော်လွင်ဦးသည် ၁၉၉၈ ခုနှစ်၌ ပထမဆုံးသောကုမ္ပဏီအဖြစ် အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်လုပ်ငန်း(Customer Clearance Agent) အား စတင်တည်ထောင်ခဲ့ပါသည်။ ဥက္ကဋ္ဌအနေဖြင့် အကောက်ခွန်ရှင်းလင်းခြင်း၊ ရေကြောင်းပို့ဆောင်ခြင်း၊ ပြည်တွင်း၊ ပြည်ပသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ ပို့ဆောင်ရေးကဏ္ဍများနှင့်ပတ်သက်၍ နှံ့စပ်စွာ နားလည် တတ်ကျွမ်းသောကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ကုန်ပစ္စည်း တင်သွင်းသူများ နှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ မိတ်ဖက်များနှင့် အလွန် ကျယ်ပြန့်သော စီးပွားရေး ကွန်ယက်တစ်ခုအား တည် ဆောက်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်ကျော် ကြား၍ လူသိများသော ထိပ်တန်းကုမ္ပဏီအုပ်စု တစ်ခု အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ ထို့အပြင် EFR Group သည် ပြည်တွင်း Customers များအတွက်သာမက နိုင်ငံတကာ Customers များအထိ ၎င်းတို့လိုအပ်သော ဘက်စုံ ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (Total Logistics Solutions) များအား ကောင်းမွန်စွာ ပံ့ပိုးပေး နိုင်သောကြောင့် အောင်မြင်သော၊ မြန်ဆန် ကောင်းမွန် သည့် ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအဖြစ် ဂုဏ်ယူဝင့်ကြွား စွာ ရပ်တည်နိုင်ခဲ့ပါသည်။

EFR သည် ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (MCA) နှင့်အညီ ၂၀၁၄ ခုနှစ်၊ ဧပြီ ၁၀ ရက်နေ့တွင် အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများပိုင်ကုမ္ပဏီလီမိတက်အဖြစ် မှတ်ပုံတင်ဖွဲ့စည်းခဲ့ပါ သည်။ ထို့အပြင် EFR သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ် (MCL) မှတ်ပုံတင်ပြီးဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ထုတ်ပေး သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမှတ်ပုံတင်လက်မှတ် အား ရရှိခဲ့ပြီးဖြစ်ပါသည်။

## လက်အောက်ခံကုမ္ပဏီများနှင့်တွဲဖက်ကုမ္ပဏီများ၏ လုပ်ဆောင်မှု မှတ်တမ်းများ

### A Logistics Co., Ltd

A Logistics Co. , Ltd သည် EFR Group မှ ရာနှုန်းပြည့် ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီ တစ်ခုဖြစ်သော Unison Choice Services Ltd နှင့် Ayeyar Hinthar Holdings Co., Ltd တို့ ပူးပေါင်း၍ ဖွဲ့စည်းတည်ထောင် ထားသော ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကုမ္ပဏီ၏ အဓိကရည်ရွယ်ချက်မှာ ဘက်စုံ ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာ ဝန်ဆောင်မှုများ (Total Logistics Solution) အတွက်သာမက ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့တွင် စတင် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရေဝတီ စက်မှုဆိပ်ကမ်း (AIIP) စီမံကိန်းအား ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပါစီမံကိန်း ၏ အကျယ်အဝန်းမှာ ၆၇၀၀ ဧကခန့်ရှိ၍ ပုသိမ်မြို့အနီး ပုသိမ်-ငပုတောအဝေးပြေး လမ်းမပေါ်ရှိ ပုသိမ်စက်မှု မြို့တော်တွင် တည်ရှိပါသည်။ ၎င်းစီမံကိန်း၌ နိုင်ငံတကာ အဆင့်မီ ဆိပ်ကမ်း၊ ကုန်လှောင်ရုံများ၊ ကွန်တိန်နာ သိုလှောင်ရုံများနှင့် Bonded Warehouses ပါဝင်မည် ဖြစ်ပါသည်။

### Hlaing Inland Terminal and Logistics Co., Ltd.

Hlaing Inland Terminal and Logistics Co. , Ltd သည် EFR Group နှင့် Lann Pyi Marine Co., Ltd တို့အကြား ဖွဲ့စည်းတည်ထောင်ထားသော ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ် ပြီး စုစုပေါင်းအစုရှယ်ယာ၏ ၄၉ ရာခိုင်နှုန်းအား EFR မှ ပိုင်ဆိုင်ထားပါသည်။ ယင်းစီမံကိန်းသည် ရန်ကုန်အနောက် မြောက်စက်မှုဇုံ (North West Industrial Zone) အနီးရှိ ၄၀ ဧက ကျယ်ဝန်းသောမြေနေရာပေါ်၌ တည်ရှိပြီး ဆိပ်ကမ်းနှင့် ကွန်တိန်နာသိုလှောင်ရုံများ (Container-

Storage Yard) တည်ဆောက်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သော (Logistics services) ပေးခြင်းနှင့် Bonded Warehouses များလုပ်ဆောင်ခြင်း စသည်တို့ ပါဝင် ပါသည်။ Lann Pyi Marine ကုမ္ပဏီသည် စီမံကိန်းဆောင်ရွက်မည့်မြေပေါ်တွင်အကန့်အသတ်မရှိ လုပ်ပိုင်ခွင့်ရရှိထားပါသည်။ EFR Group နှင့် Lann Pyi Marine ကုမ္ပဏီတို့အကြား JVA သက်တမ်းသည် ကနဦးကာလ အနှစ် ၅၀ နှင့် တစ်ကြိမ်လျှင် (၁၀) နှစ် ထက်မံ သက်တမ်းတိုးခွင့် နှစ်ကြိမ် စုစုပေါင်းနှစ်ပေါင်း (၇၀) အတွက် ဖြစ်ပါသည်။

EFR Group အနေဖြင့် Hlaing Inland Terminal Project ၌ အဓိကတာဝန်ယူဆောင်ရွက်ရမည့် လုပ်ဆောင်မှုများမှာ မြစ်တွင်းဆိပ်ကမ်း၊ ကွန်တိန်နာသိုလှောင်ရုံ၊ အကောက်ခွန်ကုန်လှောင်ရုံ (Customs-Bonded Warehouses) များ တည်ဆောက်ခြင်းနှင့် ဘက်စုံ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုပေးခြင်း (Total Logistics Solutions) စသည်တို့ဖြစ်ပါသည်။ ထို့အပြင် Hlaing Inland River Terminal စီမံကိန်းသည် သီလဝါဆိပ်ကမ်းများနှင့် စနစ်တကျ ချိတ်ဆက်နိုင်ရန်အတွက် ကုန်တွဲရေယာဉ်များ (Barges) ကိုအသုံးပြု သွားမည်ဖြစ်သည်။

အဆိုပါသဘောတူညီမှုများအရဆိပ်ကမ်းတည်ဆောက်မှုသည်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်များ၏ သဘောတူညီချက်အရ စီမံကိန်းမြေနှင့် ဆက်စပ်လျက်ရှိသောလှိုင်မြစ်ကမ်းပါးတွင် ဆောက်လုပ်မည်ဖြစ်ပါသည်။ ထို့အပြင် ဆိပ်ကမ်းတည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်ပတ်သတ်၍ EFRဘက်မှ ချမှတ်သော စီမံခန့်ခွဲမှုများသည်အဖွဲ့ဝင်များအကြား သဘောတူထားသည် ဆိပ်ကမ်းစီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်အတိုင်းသာ ဖြစ်ပါသည်။

အဆိုပါစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ရန်ကုန်မြို့အနောက်ပိုင်းခရိုင်စက်မှုဇုံအတွင်းရှိ အဓိကစက်မှုဇုံများဖြစ်သည့် လှိုင်သာယာ၊ ရွှေလင်ဗန်း၊ ထန်းတပင် စသည့်စက်မှုဇုံများရှိကုန်ပစ္စည်းသိုလှောင်ရုံများနှင့် စက်ရုံများပိုင်ဆိုင်ကြသည့် Customers များအား အဆင်ပြေချောမွေ့စေရန်အတွက် ယေဘုယျအားဖြင့် ဈေးနှုန်း မှန်ကန်ပြီး တစ်နေရာထဲတွင် အဆင်ပြေစေမည့် One-Stop Logistics Service များအားထောက်ပံ့ပေးရန် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းအား အောင်မြင်စွာ အကောင်အထည် ဖော်ပြီးစီးပါက Customers များအနေဖြင့် EFR ၏ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းစဉ်တစ်ရပ်လုံး ( Logistics Supply Chains) များဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာ၌ ကုန်ကျစရိတ်သက်သာစွာဖြင့်ပိုမိုအဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများရရှိလာမည်ဖြစ်ပါသည်။

## Ever Flow River Logistics and Distribution Center (Mandalay) Co., Ltd.

ကုန်းတွင်းဆက်သွယ်ရေးဆိပ်ကမ်း (Inland Intermodal Terminal) သည် ကားလမ်း သို့မဟုတ် ရထားလမ်းဖြင့်ပင်လယ်ဆိပ်ကမ်းသို့ တိုက်ရိုက်ချိတ်ဆက်မည်ဖြစ်ပြီး ပင်လယ်ရေကြောင်းကုန်စည်များအား ကုန်းတွင်းသတ်မှတ်နေရာများသို့ သယ်ယူပို့ဆောင်ရာ၌ ပို့ဆောင်ဆက်သွယ်ရေးဗဟိုဌာန အဖြစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တရုတ်နှင့်အိန္ဒိယ သာမက အရှေ့တောင်အာရှဒေသနှင့် ဆက်သွယ် လုပ်ဆောင်ရာတွင်လည်း အချက်အချာကျသော နေရာဖြစ်သောကြောင့် အခွင့်အလမ်း အကျိုးခံစားခွင့်များ အပြည့်အဝရယူနိုင်ရန်အတွက် ကုန်းတွင်းဆက်သွယ်ရေးဆိပ်ကမ်းများ မရှိမဖြစ်လိုအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာကုန်သွယ်ခြင်းမှ တစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများ (Logistics Services) အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရန်အလို့ငှာ ကုန်းတွင်းဆက်သွယ် ရေးဆိပ်ကမ်းများ (Inland Intermodal Terminals) တည်ဆောက်လုပ်ကိုင်ရန် မြို့ကြီး (၈) မြို့အားသတ်မှတ်ပေးခဲ့ပါသည်။ ဤရည်ရွယ်ချက်အားအကောင်အထည်ဖော် ဆောင်ရွက်

ရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုန်းတွင်း ဆက်သွယ်ရေး ဆိပ်ကမ်းများ (Inland Intermodal Terminals) အား Build-Operate-Transfer (BOT) စနစ်ဖြင့် တည်ဆောက် လုပ်ကိုင်နိုင်ရန်အတွက် ရွေးချယ်ထားသည့် ကုမ္ပဏီများနှင့် လည်း ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၌ ကုန်းတွင်း ဆက်သွယ်ရေး ဆိပ်ကမ်းများ (Inland Intermodal Terminals) စီမံကိန်းအား BOT စနစ်ဖြင့်တည်ဆောက်ရန်အတွက် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှ (ကနဦးကာလ အနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀) နှစ် ထက်မံ သက်တမ်းတိုးခွင့် (နှစ်ကြိမ်) စုစုပေါင်းနှစ်ပေါင်း (၇၀) သက်တမ်းရှိ မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ EFR Group မှ လုပ်ငန်းဆောင်ရွက်ခွင့်ရှိသူအဖြစ်နှင့် မန္တလေး တိုင်းဒေသကြီးအစိုးရမှ မြေပိုင်ဆိုင်သူအဖြစ် လုပ်ငန်း လုပ်ပိုင်ခွင့်ဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ် (MOU) အား လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များအရInland Intermodal Terminals စီမံကိန်း၌ ရန်ကုန်နှင့် မန္တလေး အကြား ကုန်စည်များနှင့် ကုန်ပစ္စည်းများအား ရထားလမ်း ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ပါဝင် ပါသည်။

အဆိုပါ ကုန်းတွင်းဆက်သွယ်ရေးဆိပ်ကမ်းများ (Inland Intermodal Terminals) စီမံကိန်းအတွက် BOT စာချုပ် အားလည်းချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ၎င်းစာချုပ် အရ ရန်ကုန်-မန္တလေးရထားလမ်းဖြင့် ကုန်စည်နှင့် ကုန်ပစ္စည်း များသယ်ယူပို့ဆောင်ရန်အတွက် လိုအပ်သည့်ဆိပ်ကမ်း တည်ဆောက်ခြင်း လုပ်ငန်းများလည်း ပါဝင်ပါသည်။ စီမံကိန်းမြေကွက်၏အကျယ်အဝန်းသည် ၁၄.၀၅ ဧက ဖြစ်ပြီး ယင်းမြေကွက်အား မန္တလေးတိုင်းဒေသကြီးအစိုးရ ထံမှ ငှားရမ်းထားခြင်းဖြစ်ပါသည်။ စီမံကိန်းအရ ဆောင် ရွက်မည့်လုပ်ငန်းများမှာ ကုန်တင်ယာဉ်ဖြင့် သယ်ယူ ပို့ဆောင်ခြင်းအစား ရထားလမ်းမှ သယ်ယူပို့ဆောင်ခြင်း ဖြင့် ကုန်ကျစရိတ်သက်သာစေသည့် ဝန်ဆောင်မှုကို ပေးအပ်မည့် One-stop Inland Terminal အား မန္တလေးမြို့၌ တည်ထောင်ရန်ဖြစ်ပါသည်။

## Myanmar Round the World Logistics, Ltd.

Myanmar Round the World Logistics, Ltd သည် EFR Group မှ ရာနှုန်းပြည့်ပိုင်ဆိုင်ထား သည့် လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဘက်စုံသုံး ကွန်တိန်နာများ သို့မဟုတ် အထွေထွေကုန်စည်များအား ပြည်တွင်းသယ်ယူ ပို့ဆောင်ခြင်း၊ နိုင်ငံတကာကုန်စည် ပို့ဆောင်ခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အလုံးစုံ ဝန်ဆောင်မှုများ အား ဆောင်ရွက်ပေးခြင်းဖြင့် MRTW Logistics သည် လေကြောင်းကုန်စည်ဈေးကွက်၌ ရှိသောလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Korea Air, Nippon Air နှင့် Eithad Air တို့ကဲ့သို့ နိုင်ငံတကာ လေကြောင်းလမ်းများနှင့် လက်တွဲကာ ၎င်းတို့ကို ခန့်အပ်ထားသည့် အထွေထွေ အရောင်းကိုယ်စားလှယ်/ကုန်စည်အရောင်းကိုယ်စားလှယ် များအဖြစ် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါ သည်။ ဂျပန်နိုင်ငံရှိ အထည်ချုပ်လုပ်ငန်းရှင်များသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အဓိက အားထားရသော Customers ကြီးများဖြစ်ပါသည်။

## Multipack Engineering Services, Ltd.

Multipack Engineering Services, Ltd. သည် EFR Group မှ ရာနှုန်းပြည့်ပိုင်ဆိုင်ထားသည့်လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Multipack Engineering ကုမ္ပဏီအနေဖြင့် အဓိက လုပ်ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများမှာ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အင်ဂျင် နီယာလုပ်ငန်း၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင် ရေးနှင့် တပ်ဆင်ရေး၊ GOH (Garment-on-hanger) တည်ဆောက်ရေး၊ ဆက်သွယ်ရေးစီမံကိန်း၊ အထွေထွေ အင်ဂျင်နီယာဝန်ဆောင်မှုများ၊ ယန္တရားနှင့် လျှပ်စစ်ပိုင်း ဆိုင်ရာဝန်ဆောင်မှုများ၊ မြေသားဆိုင်ရာ လုပ်ငန်းများနှင့် လမ်းဖောက်ခြင်း၊ စီမံကိန်းဖြစ်မြောက် နိုင်စွမ်းဆိုင်ရာ

လေ့လာမှုနှင့်ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်း စီမံခန့်ခွဲမှုနှင့် အတိုင်ပင်ခံ လုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။ Multipack အနေဖြင့် Turn-key Project ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် Multipack Company သည် China Huawei Technologies Co.,Ltd. အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကုမ္ပဏီများအားဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် Multipack Myanmar Co., Ltd. ကုမ္ပဏီနှင့် Asia UTOC Pte., Ltd ပူးပေါင်း၍ UTOC Multipack Myanmar Co.,Ltd. အား တည်ထောင်ရန် ဖက်စပ်လုပ်ငန်း သဘောတူစာချုပ် (JVA) အား လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို ဖက်စပ်တည်ထောင်ထားသော UTOC Multipack Myanmar Co., Ltd ၌ Multipack Myanmar အနေဖြင့် အကျိုး ခံစားခွင့် ၄၀ ရာခိုင်နှုန်း ပါဝင်ပါသည်။ UTOC Multipack Myanmar Co.,Ltd ၏ အဓိကလုပ်ငန်းများမှာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု (Freight Forwarding Services)၊ သိုလှောင်ရုံလုပ်ငန်း၊ စက်ပစ္စည်းတပ်ဆင်ခြင်းနှင့် စက်ပစ္စည်းကိရိယာဆိုင်ရာ လုပ်ငန်းများနှင့် ထောက်ပံ့ ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းတို့ဖြစ်ကြပါသည်။ Multipack ၏ ရပိုင်ခွင့်များ (Asset) အား JVA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရပိုင်ခွင့်များ လွှဲပြောင်းပေးအပ်ခြင်း သဘောတူစာချုပ် (Asset Transfer Agreement) နှင့်တကွ UTOC Multipack ထံသို့ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါသည်။

## Unison Choice Services, Ltd.

Unison Choice Services, Ltd. သည် EFR Group မှ ရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ကုမ္ပဏီ၏အဓိကရည်ရွယ်ချက်မှာ နိုင်ငံတကာ အထည်ချုပ်စက်ရုံများ၊ အထည်အလိပ်လုပ်ငန်းရှင်များအား ၎င်းတို့၏ကုန်ပစ္စည်းများအား ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအား အဆင်ပြေချောမွေ့စေရန်အတွက် Ahlone International Port Terminal and Myanmar Industrial Port ၌ရှိသော Container Storage Facilities များ အသုံးပြု၍ အလုံးစုံထောက်ပံ့ပို့ဆောင် ရေးဝန်ဆောင်မှုများ (Total Logistics Solutions) ပေးရန်ဖြစ်ပါသည်။ ၂၀၁၆ အစောပိုင်းမှ စတင်၍ ကုမ္ပဏီသည် Sinokor (ကိုရီးယား သင်္ဘောလိုင်း) ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ခဲ့ပြီး အာရှတွင် ရေတို ရေကြောင်း ပို့ဆောင်ရေး (Short-haul Shipping) အပေါ်၌ အဓိကထားလုပ်ဆောင်နေပါသည်။ Unison Choice Services သည် အလုံးစုံ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများ (Total Logistics Solutions) အား အဓိကထား ဆောင်ရွက်လျက်ရှိသော်လည်း အထည်အလိပ်များ ပြည်ပသို့ တင်ပို့မှုနှင့်သက်ဆိုင်သော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများအားလည်း အဓိကထား ဆောင်ရွက်လျက် ရှိပါသည်။

## EFR G-Link Express Services, Ltd.

EFR G-Link Express Services, Ltd. သည် EFR Group မှရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည့်အပြင် EFR Group ၏ ပထမဆုံးတည်ထောင်ထားသောကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ထို့အပြင် EFR Group ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျ၍ အရေးပါလှသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ G-Link သည် နိုင်ငံတကာ ကွန်ယက်များကိုအသုံးပြု၍ 3PL/4PL ဝန်ဆောင်မှုများနှင့် Value-added Software Solutions များကို ဆောင်ရွက်ပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ G-Link သည် EFR Group ၏ ပထမဦးဆုံး လက်အောက်ခံ ကုမ္ပဏီဖြစ်သည့်အလျောက် အမြဲတမ်း Customers များနှင့် မိတ်ဟောင်းများအား ခိုင်မာစွာ ဆက်လက်ထိန်းထားနိုင်သည့်အပြင် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းကဏ္ဍများ၌လည်း နာမည်ကောင်းများစွာကို ပိုင်ဆိုင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ထို့အပြင် G-Link သည် ဝန်ဆောင်မှုလုပ်ငန်းများစွာနှင့် လည်ပတ်ဆောင်ရွက်နေသော လုပ်ငန်းတစ်ခု ဖြစ်သည့်

အလျှော်အကောက်ခွန် ရှင်းလင်းရေး ဝန်ဆောင်မှုများ နှင့် သွင်းကုန်ဆိုင်ရာ ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါသည်။

## MRTW Manufacturing & Inspection Co., Ltd.

MRTW Manufacturing & Inspection Co., Ltd သည် EFR မှ ရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပြီးကုမ္ပဏီ၏အဓိကလုပ်ငန်းများမှာ ချုပ်လုပ်ပြီးသော အဝတ်အထည်များ အရည်အသွေးပြည့်မီမှုရှိ၊ မရှိကို စစ်ဆေးပေးသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အထည်များ၏ အရည်အသွေးစစ်ဆေးသော လုပ်ငန်းစဉ်များဖြစ်ကြသည့်ချုပ်လုပ်ထားသောအထည်များ၏ ချုပ်ရိုးချုပ်သားများ၊ အတိုင်းအထွာများ၊ ပါဝင်ရမည့် အဆင်တန်ဆာများ စသည်တို့အား စစ်ဆေးပေးခြင်း၊ အပ်နှင့်အပ်ကျိုး အပ်ပဲ့များ ပါဝင်ခြင်းရှိ၊ မရှိစိစစ် ရှာဖွေခြင်းဝန်ဆောင်မှုများ (Needle Detection Service)၊ ပြင်ပကုမ္ပဏီများသို့ အထည်စစ်ဆေးရေးဝန်ဆောင်မှု၊ ထုပ်ပိုးခြင်း၊ တံဆိပ်ကပ်ခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ဘားကုတ် (Bar code) Scanning ဖတ်ခြင်းနှင့် သိုလှောင်ရုံဝန်ဆောင်မှုများကဲ့သို့ ဝန်ဆောင်မှုများအား အဓိကထားဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းတစ်ခု ဖြစ်ပါ သည်။ လခစားစနစ် (Cut-Make-Pack/CMP) ကို မြန်မာနိုင်ငံတွင် အဓိက ကျင့်သုံးလာခဲ့ကျရာ အထည်စိစစ်ခြင်းဝန်ဆောင်မှုများဆိုင်ရာဝယ်လိုအားမှာ လွန်စွာမြင့်မားလာပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ထိုသို့ အထည်စိစစ်ခြင်းဝန်ဆောင်မှုဆိုင်ရာ ဝယ်လိုအား မြင့်မားလာမှုအား ဖြည့်ဆည်းပေးနိုင်ရန် အလို့ငှာ MRTW Manufacturing & Inspection အထည်အရည်အသွေးစစ်ဆေးသောကုမ္ပဏီအား တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

## Gold Shipping Agency Services, Ltd.

Gold Shipping Agency Services, Ltd. အား ၂၀၀၀ ခုနှစ်၌ တည်ထောင်ခဲ့သော EFR Group မှရာနှုန်းပြည့်ပိုင်ဆိုင်သည့်ကုမ္ပဏီများထဲမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ နိုင်ငံတကာအသိအမှတ်ပြု သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် လက်တွဲကာ ဆောင်ရွက်သည့် သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်ဖြစ်ပါသည်။ Gold Shipping ကုမ္ပဏီသည် Hyundai Merchant Marine ("HMM") ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် နှစ်ပေါင်း ၂၀ ခန့်ကြာ ဆောင်ရွက် လုပ်ကိုင်လျက်ရှိပါသည်။ ကုမ္ပဏီ၏အဓိကဝင်ငွေသည် HMM အတွက် ဆောင်ရွက်ပေးသော ကုန်တင်ကုန်ချဝန်ဆောင်မှုဆိုင်ရာ အခကြေးငွေများမှ ရရှိခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကုမ္ပဏီ၌ ကုန်ပစ္စည်းတင်ပို့သူများ ( Freight Forwarders) နှင့် Direct Customers များဟူ၍ အမျိုးအစားနှစ်မျိုးရှိပါသည်။ Freight Forwarders များ၌ Unison Choice Services, EFR G-Link Express Services, and Myanmar Round the World Logistics. စသည်တို့ပါဝင်ပါသည်။ ထို့အပြင် Gold Shipping Agency အနေဖြင့် ပြင်ပ Customers များအားလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ Direct Customers ဆိုသည်မှာ In-house Freight Forwarding Teams ဖြင့်ကုန်ပစ္စည်းပမာဏ အမြောက်အမြား တင်ပို့သော ကုန်ပစ္စည်းတင်ပို့သူများကို ဆိုလိုသည်။ Direct Customers များသည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာ၌ Freight Forwarders များမှတစ်ဆင့် လုပ်ဆောင်ခြင်းမရှိပဲ ကုမ္ပဏီနှင့်တိုက်ရိုက်ချိတ်ဆက် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် Customers များနှင့် ရေရှည်ဆက်ဆံရေးအား ခိုင်မာစွာတည်ဆောက်ထားနိုင်ခြင်းနှင့် Shipping Line များ၌ ကွန်တိန်နာများသိုလှောင်ရန် အကောင်းဆုံးဖန်တီး ပေးနိုင်ခြင်းတို့ကြောင့် ကုမ္ပဏီ၏ဝင်ငွေ မြင့်တက်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

## Ever Flow River Trading Co., Ltd.

Ever Flow River Trading Co., Ltd. သည် EFR Groupမှ ရာနှုန်းပြည့်ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီတစ်ခု ဖြစ်ပြီးကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများအား အဓိကထား၍ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ ငွေကြေးဖြည့်ဆည်း

သူများနှင့်ဘဏ်များ၏ အကူအညီများကိုရယူလျက် ပို့ကုန်သွင်းကုန်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ကုန်သွယ်ရေး ဆိုင်ရာ ငွေကြေးဖြည့်ဆည်းခြင်း (Trade Financing) နှင့် ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ငွေကြေး အထောက်အပံ့ (Trade House Facilities) ထုတ်ပေးခြင်း တို့အား အဓိကထားဆောင်ရွက်ပါသည်။ Customers များဘက်မှ End to End ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု များသာမက ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများကိုပါ ထောက်ပံ့ပေးရန် တောင်းဆိုသဖြင့် Customers များ၏ လိုအပ်ချက်များအားဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် Trade House အနေဖြင့်လည်းကောင်း၊ Buying Agent အနေဖြင့်လည်းကောင်း ကုန်သွယ်မှုလုပ်ငန်းများအားစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် Customers များပေါ် မူတည်၍ Trading Facilities များလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

# Corporate Information

## BOARD OF DIRECTORS

*Non-executive Directors*
U KYAW LWIN OO (Chairman)
U MAUNG MAUNG OO (VICE CHAIRMAN)

*Executive Directors*
U AUNG MIN HAN
DAW KHIN SONE
DAW ZIN NYEIN HTWE
DAW HNIN YEE MON
DAW LAE LAE MU

*Independent Directors*
U MIN SEIN
DR. HLA MYINT
PROF. DAW HLA THEINGI

## NOMINATION, REMUNERATION & CORPORATE GOVERNANCE COMMITTEE

DAW HLA MYINT
U MAUNG MAUNG OO
U MIN SEIN
DAW KHIN SONE
U AUNG MIN HAN
DAW YEE MON OO
DAW NAING NAING OO

## AUDIT & RISK MANAGEMENT COMMITTEE

DAW HLA THEINGI
U MAUNG MAUNG OO
DAW KHIN SONE
U THAN AUNG
DAW YEE MON OO
U YE MIN HTUN

## INVESTMENT & PORTFOLIO MANAGEMENT COMMITTEE

U KYAW LWIN OO
U MAUNG MAUNG OO
DAW HLA MYINT
U MIN SEIN
DAW HLA THEINGI
U AUNG MIN HAN
DAW KHIN SONE
DAW LAE LAE MU
DAW HNIN YEE MON
DAW ZIN NYEIN HTWE
U THAN AUNG

## LEGAL COMMITTEE

U MIN SEIN
U MAUNG MAUNG OO
DAW KHIN SONE
EDWARD
MR. EDWARD TAN
DAW YEE MON OO

## CORPORATE SECRETARY

DAW NAING NAING OO

## AUDITOR

WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTS

## REGISTERED OFFICE

No. 62, Room 1104, 11th floor, Mahabandola Housing, Complex B, Tarwataintar Street, Pazundaung Township, Yangon, Myanmar.

## INVESTOR RELATION

U MAUNG MAUNG OO
T – 959 513 3701
E – mgmgoo@efrgroupmm.com

DAW YEE MON OO
T – 959 407 891 780
E – yeemonoo@efrgroupmm.com

# Performance 2020

## Group Performance Review

***On 19th May 2019, the Internal Revenue Department (IRD), under the Ministry of Planning, Finance and Industry, passed the 2019 Union Taxation Law which provides the change of financial year to coincide with the fiscal year of 30 September year end for all entity for the purpose of tax computation. Thus, the Company had changed its financial reporting date from 31st March to 30th September to align with the new provision.***

The audited consolidated financial statements for FY 2019-20 (Sept end) cover twelve months ended 30th September 2020. The audited consolidated financial statements for 30th September 2019 ("mini budget 2019") cover six months period from 1st April 2019 to 30th September 2019. Hence, the two financial statements are not entirely comparable.

For a meaningful comparison with FY 2019-20 (Sept end) and for illustrative purpose for this MD&A report only, unaudited consolidated financial statement for FY 2018-19 (Sept end) is prepared based on the audited statements for the year ended 31st March 2019 ("FY 2018-19 (Mar end)") and Mini budget 2019 with certain pro-forma adjustments.

For more information, please also refer to our audited financial statements disclosed.

### SUMMARY OF GROUP STATEMENT OF COMPREHENSIVE INCOME

| DESCRIPTION | FY 2018-19 (Sept end)** | FY 2019-20 (Sept end)* | % CHANGE |
|---|---|---|---|
| Revenue | 10,677,836,516 | 12,832,503,596 | 20% |
| Cost of goods sold | (8,102,366,632) | (10,692,069,949) | 32% |
| Gross profit | 2,575,469,885 | 2,140,433,647 | -17% |
| ***Gross profit Margin*** | ***24.12%*** | ***16.68%*** | ***-31%*** |
| | | | |
| Administration expenses | (2,636,285,098) | (2,707,995,313) | 3% |
| Profit before interest and tax | (60,815,214) | (567,561,666) | 833% |
| Other income | 971,557,266 | 351,479,430 | -64% |
| Finance cost | (40,963) | (15,900,000) | -387 times |
| Profit before tax | 910,701,089 | (231,982,236) | -125% |
| Income tax expenses | (188,229,138) | (60,101,870) | -68% |
| **Profit after tax** | **722,471,951** | **(292,084,106)** | **-140%** |
| Share of associates profit | (293,424,373) | (326,392,080) | 11% |
| **Profit for the year** | **429,047,578** | **(618,476,186)** | **-244%** |
| Other comprehensive income for the year | 233,883,044 | (114,479,353) | -149% |
| Total comprehensive income for the year | 662,930,623 | (732,955,539) | -211% |
| **Profit attributable to:** | | | |
| Owners of the Parent | 441,719,495 | (616,529,303) | -240% |
| Non-Controlling Interest (NCI) | (12,671,917) | (1,946,883) | -85% |
| **Total profit of the year** | **429,047,578** | **(618,476,186)** | **-244%** |
| **Total comprehensive income attributable to:** | | | |
| Owners of the Parent | 675,602,539 | (731,008,656) | -208% |
| Non-Controlling Interest (NCI) | (12,671,917) | (1,946,883) | -85% |
| Total Comprehensive income for the year | 662,930,623 | (732,955,539) | -211% |
| Weighted no. of ordinary shares | 13,177,481 | 19,977,223 | 52% |
| Earnings Per Share | 40.48 | (30.86) | -176% |

* *Audited financial report*

** *Unaudited financial report ended from 1st October 2018 to 31st September 2019 for the purpose of providing a more meaningful comparison*

## BREAKDOWN OF GROUP REVENUE

| DESCRIPTION | FY 2018-19 (Sept end)** | % OF TOTAL | FY 2019-20 (Sept end)* | % OF TOTAL | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 387,032,500 | 3.51% | 252,000,000 | 1.93% | -35% |
| MRTW Logistics | 291,224,576 | 2.64% | 1,027,630,914 | 7.89% | 253% |
| MULTIPACK | 174,147,321 | 1.58% | - | 0.00% | -100% |
| UCS | 220,220,452 | 2.00% | 950,258,027 | 7.30% | 332% |
| EFR GLE | 1,581,233,395 | 14.36% | 2,361,465,754 | 18.13% | 49% |
| MRTW Manufacturing | 1,221,225,307 | 11.09% | 1,130,913,016 | 8.68% | -7% |
| Gold Shipping | 1,156,341,565 | 10.50% | 813,343,499 | 6.24% | -30% |
| EFR Trading | 5,981,743,886 | 54.31% | 6,358,618,834 | 48.82% | 6% |
| LDC Mandalay | - | 0.00% | - | 0.00% | NM |
| A Logistics | - | 0.00% | 130,273,550 | 1.00% | NM |
| **Total Revenue** | **11,013,169,001** | **100%** | **13,024,503,595** | **100%** | **18%** |
| Intercompany transaction | (335,332,485) | | (192,000,000) | | |
| **Total Revenue** | **10,677,836,516** | | **12,832,503,595** | | **20%** |

* *Audited financial report*

** *Unaudited financial report ended from 1st October 2018 to 31st September 2019 for the purpose of providing a more meaningful comparison*

Our consolidated revenue for FY 2019-20 (Sept end) was MMK 12,832,503,595, which was an increase of 20%, from MMK 10,677,836,516 in FY 2018-19 (Sept end), mainly contributed by EFR Trading and Forwarding Business.

Revenue of most businesses of EFR increased in FY 2019-20 (Sept end). EFR Trading has contributed 48.82% of revenue with slightly increase in growth comparing with FY 2018-19 (Sept end) and EFR GLE has contributed 18.13% of overall revenue with the growth rate of 49%.

Gross revenue of MRTW Logistics and UCS significantly soared in FY 2019-20 (Sept end), with effect from financial reporting format changes. Gold Shipping unit revenue decreased 30% than last year's volume because of restricting inbound and outbound Hyundai shipping line during COVID period (from April to September 2022

## BREAKDOWN OF GROSS PROFIT

| DESCRIPTION | FY 2018-19 (Sept end)** | % OF TOTAL | FY 2019-20 (Sept end)* | % OF TOTAL | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 387,032,500 | 14% | 252,000,000 | 11% | -35% |
နှစ်ပတ်လည်အထွေထွေအစည်း အဝေးများသည် EFR Group Public Co., Ltd. ၏ အမြင့်ဆုံးအုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ အစုရှယ်ယာရှင်များသည် ၎င်းတို့၏ရပိုင်ခွင့်ဆိုင်ရာ အခွင့်အလမ်းများ၊ အခွင့်အရေးများအား နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၌ ထုပ်ဖော်ပြောကြား တောင်းဆိုပိုင်ခွင့်ရှိပါသည် (ဥပမာ-ဘုတ်အဖွဲ့ဝင်များအား ရွေးကောက်တင်မြှောက်ခြင်း ခြင်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့် အစုရှယ်ယာရှင်များ သို့မဟုတ် ဘုတ်အဖွဲ့မှ တင်သွင်းသောအဆိုပြုချက်များအား သက်ဆိုင်ရာ အချိုးကျပိုင်ဆိုင်မှုအလိုက်ဆုံးဖြတ်ပေးနိုင်ခွင့်ရှိခြင်း)။ ကျွန်ုပ်တို့ EFR Group ၌ အစုအရှယ်ယာ အမျိုးအစား တစ်မျိုးထဲသာ ရှိပြီး ထိုအစုရှယ်ယာများ ပိုင်ဆိုင်သောအစုရှယ်ယာရှင်အားလုံးသည် တူညီသော ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ရရှိထားကြပြီး ထိုရှယ်ယာများအားလည်း ရန်ကုန်စတော့အိတ်ချိန်း (YSX) ၌ တရားဝင် ရောင်းဝယ် ဖောက်ကားပိုင်ခွင့်ရှိပါသည်။

### ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

EFR Group Public Co., Ltd ၏ ဘုတ်အဖွဲ့တွင်အဖွဲ့ ဝင် (၁၀) ဦး ပါ ဝင်ပြီး၊ အမှုဆောင်မဟုတ်သောဒါရိုက်တာ (၂) ဦး၊ လွတ်လပ်သောဒါရိုက်တာ (၃) ဦး နှင့်အလုပ်အမှုဆောင်ဒါရိုက်တာ (၅) ဦး ပါဝင်သည်။ ထို့အပြင် ဒါရိုက်တာဘုတ်အဖွဲ့အနေဖြင့် အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့်ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံ အုပ်ချုပ်ရေးဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၊ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ချေထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၊ ဥပဒေရေးရာ ကော်မတီ စသောကော်မတီကြီးလေးခုအား ဖွဲ့စည်းတည်ထောင်ထားပါသည်။ ကျွန်ုပ်တို့ EFR Group အနေဖြင့် စီးပွားရေး ခေါင်းဆောင်များ၊ လုပ်ငန်းခွင်ခေါင်းဆောင်များနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များအား အစည်းအဝေး များ ကျင်းပရာ၌ပါဝင်နိုင်ရန် ဖိတ်ကြားခြင်းအားဖြင့် ဒါရိုက်တာဘုတ်အဖွဲ့နှင့် ကော်မတီများသည် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအပြင် ပြင်ပမှကျွမ်းကျင်သူများနှင့် အပြန်အလှန်ဆက်သွယ်နှီးနှောခွင့်များ ရရှိကြပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် အထွေထွေစီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာနိယာမများကို ချမှတ်ထားသည့်အပြင် ကုမ္ပဏီ အတွက် သင့်တော်သောအဖွဲ့အစည်းများဖွဲ့စည်း၍ ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုအားတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှုများနှင့် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်ခြင်းတို့အပြင် ကုမ္ပဏီ၏စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်တို့အား ကြီးကြပ်သုံးသပ်လျက် ရှိပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့အနေဖြင့်ဖွဲ့စည်းတည်ထောင်ထားသောကော်မတီများမှာအောက်ပါအတိုင်းဖြစ်ကြပါသည်။

## အမည်နာမ တင်သွင်းရေး၊ လုပ်ခလစာ အကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ

အမည်နာမ တင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာစီမံ ခန့်ခွဲရေးကော်မတီအား အဖွဲ့ဝင် (၇)ဦးဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး၊ ၎င်းတို့အနက်မှ သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးသည် ယင်းအဖွဲ့အစည်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူလုပ်ဆောင်ပါသည်။ကော်မတီအဖွဲ့ဝင်များအား ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ ရွေးချယ်ခဲ့ပြီး ကော်မတီ၏ ဥက္ကဋ္ဌရာထူး ခန့်အပ်ရန်လည်း ဘုတ်အဖွဲ့ဝင်များမှစီစစ်ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ပါသည်။ အမည်နာမတင်သွင်းရေး၊ လုပ်ခလစာ အကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ဘုတ်အဖွဲ့ဝင်များဖြစ်လာရန် လိုအပ်သော အရည်အချင်း သတ်မှတ်ချက်များနှင့် လုပ်နိုင်စွမ်းများအား စိစစ်လေ့လာခြင်း၊ ဘုတ်အဖွဲ့ ဖွဲ့စည်းပုံအရွယ်အစားနှင့် ဖွဲ့စည်းမှုများ၊ အားပြန်လည်သုံးသပ်ခြင်း၊ ဆက်ခံသူရွေးချယ်ခြင်းနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ မတူကွဲပြားသော စွမ်းဆောင်ရည်များကို သုံးသပ်ခြင်းတို့အား လုပ်ဆောင် ပါသည်။ ၎င်းအပြင် ကော်မတီအနေဖြင့်လွတ်လပ်မှု စံနှုန်းများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်း၊ အဖွဲ့ဝင်များ ရွေးချယ်စီစစ်ခြင်းနှင့် ဒါရိုက်တာဘုတ်အဖွဲ့၌ ရွေးကောက် တင်မြှောက်ခံရမည့်သူများအား အကဲဖြတ်ခြင်း စသည့်တာဝန်များကိုလည်း လုပ်ဆောင်ပါသည်။ ကော်မတီအနေဖြင့် လုပ်ဆောင်ရမည့် တာဝန်များအား ဒါရိုက်တာအဖွဲ့မှ သဘောတူထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေ၌ ဖော်ပြထားပါသည်။

ထို့အပြင်ကော်မတီသည် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏ လုပ်ခနေအကျိုးခံစားခွင့် အဆိုတင်သွင်းချက်များအပြင်၊ ၎င်းတို့အတွက် Incentives Schemes များ၊ လုပ်ခလစာအကျိုးခံစားခွင့် အစီရင်ခံစာများ၊ ထုတ်ဖော်ပြောကြားချက်များ၊ မူဝါဒများနှင့် Incentive Schemes guidelines များ၊ နှင့်ပတ်သတ်သော အဆိုတင်သွင်းချက်များအား ဒါရိုက်တာဘုတ်အဖွဲ့သို့ အဆိုတင်သွင်းပါသည်။ ကော်မတီ၏ လုပ်ခလစာအကျိုးခံစားခွင့် မူဝါဒနှင့် ကျင့်သုံးမှုများအပြင် incentive programs များသည် EFR Group Public Co. ,Ltd ၏ မဟာဗျူဟာကို ပံ့ပိုးပေးပြီး အစုရှယ်ယာရှင်များအတွက် တန်ဖိုးကို ဖန်တီးပေးရန်ဖြစ်ပါသည်။

## စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ချေထိန်းချုပ်မှုစီမံခန့်ခွဲရေးကော်မတီ

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ချေထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီသည် အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးမှ တာဝန်ယူ ဆောင်ရွက်ပါသည်။ ကော်မတီအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌရာထူးတို့အား ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ စီစစ်ရွေးချယ် တင်မြှောက်ထားခြင်းဖြစ်ပါသည်။ ကော်မတီ၏ တာဝန်များမှာ ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများ၊စာရင်းစစ်ခြင်းများ၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့် ထိန်းချုပ်မှုဆိုင်ရာ ကိစ္စများအား ပြင်ပစာရင်းစစ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ဒါရိုက်တာများ၊ စာရင်းကိုင်နှင့် လုပ်ငန်းတွင်းစာရင်းစစ်အကြီးအကဲများနှင့် ပြန်လည်သုံးသပ်၍ ၎င်းသုံးသပ်ချက်များအား ဒါရိုက်တာဘုတ်အဖွဲ့ကို အစီရင်ခံတင်ပြရန်လိုအပ်ပါသည်။ ထို့အပြင် ကော်မတီအနေဖြင့် ဆက်နွယ်ပတ်သတ်သူများနှင့် အပေးအယူများ (related parties’ transactions ) နှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း၊ လုပ်ဆောင်ဆဲ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းအသစ်များ၏ စွန့်စားရမှုများနှင့် ဆုလာဘ်များအကြား သမ္မာသတိရှိရှိ ဟန်ချက်ညီစေရန် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေ

ရှိသော အန္တရာယ်များအား သုံးသပ်အကဲဖြတ်ခြင်း စသည်တို့အား တာဝန်ယူဆောင်ရွက်ပေးပါသည်။ ကော်မတီသည် စီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆက်သွယ်၍ ဆုံးရှုံးနိုင်ချေ အန္တရာယ်ရှိမှု လေ့လာဆန်းစစ်ရေး နည်းဗျူဟာများ၊ မူဘောင်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့် စီမံခန့်ခွဲမှုအာမခံခြင်းနှင့်အစီရင်ခံခြင်းအရ ကော်ပိုရိတ် တာဝန်ခံမှုနှင့်ဆက်စပ်သော ဆုံးရှုံးနိုင်ချေ အန္တရာယ်များနှင့် သက်ဆိုင်သည့် တာဝန်များကို ဘုတ်အဖွဲ့ဝင်များအား ကူညီဆောင်ရွက်ပေးပါသည်။

## ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းရာ၌ ပါဝင်သော စုစုပေါင်းအသင်းဝင်အရေအတွက်မှာ (၁၀) ယောက်ဖြစ်ပြီး ကော်မတီအား EFR Group ၏ ဥက္ကဋ္ဌ ဦးကျော်လွင်ဦး နှင့် အဖွဲ့အမှုဆောင် အရာရှိချုပ် ဦးအောင်မင်းဟန်တို့မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီ၏အဓိကတာဝန်မှာ အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှုများ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် အောင်မြင်မှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် EFR Group ၏ ရည်မှန်းချက်များကို ပြည့်မီခြင်းရှိမရှိ သုံးသပ်ရန်၊ အဖွဲ့အစည်း၏ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များနှင့် ပတ်သတ်၍ ခံနိုင်ရည်ရှိမှု၊ မျှော်လင့်ထားသည့် ပြန်လည်ရရှိနိုင်မှုများနှင့်ပတ်သတ်၍ ကြိုးကြောင်းခိုင်လုံသည့် ယူဆချက်များ ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာများ ချမှတ်ခြင်း၊ နှစ်စဉ်ငွေပေင်ငွေရှင်းမှ ငွေထုတ်ယူမှုအပြင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ နယ်နိမိတ်နှင့် အကန့်အသတ်များ (ငွေဖြစ်လွယ်မှုကန့်သတ်ချက်များ၊ ငွေကြေးနှင့်ဆိုင်သော နည်းဗျူဟာများ၊ တည်နေရာအလိုက် ရင်းနှီးမြှုပ်နှံမှုများ) ချမှတ်ခြင်းတို့ဖြစ်ပါသည်။

## ဥပဒေရေးရာကော်မတီ

ဥပဒေရေးရာကော်မတီသည် သီးခြားလွတ်လပ်သော ဥပဒေအကြံပေးအပါအဝင် အသင်းဝင်ငါးယောက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ဥက္ကဋ္ဌအဖြစ် သီးခြား လွတ်လပ်သော ဒါရိုက်တာမှ တာဝန်ယူဆောင်ရွက်ပါသည်။ ကော်မတီအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌတို့အား ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ စီစစ်ရွေးချယ် တင်မြှောက်ထားခြင်းဖြစ်ပါသည်။ ကော်မတီ၏ အဓိကတာဝန်မှာ ကုမ္ပဏီ၏ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှ ချမှတ်ထားသော ပေါ်လစီများနှင့်သက်ဆိုင်သည့်ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့် စည်းမျဉ်းများကို ကောင်းမွန်စွာ နားလည်သဘောပေါက်ရန်နှင့် လိုက်နာရန်အတွက် ကူညီလုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ ထို့အပြင် ကော်မတီသည် အထူးသဖြင့်အခွန်၊ စည်းကမ်းလိုက်နာမှု၊ ထိန်းချုပ်မှုနှင့် ချေးငွေစသည့် ထိန်းချုပ်မှုနယ်ပယ် အားလုံးအား အနီးကပ်စောင့်ကြည့် လေ့လာခြင်းအားဖြင့် ကုမ္ပဏီ၏ စီးပွားရေးနှင့် ကော်ပိုရိတ် လိုအပ်ချက်များအားလုံးနှင့် သက်ဆိုင်သော ဥပဒေရေးရာအကြံဉာဏ်များပေးရန်၊ ကုမ္ပဏီ၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်မှုသည် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ လိုအပ်ချက်ကြောင့်သာလျှင် မဟုတ်ဘဲကုမ္ပဏီ၏ ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့် စီးပွားရေးဆိုင်ရာ အလေ့အကျင့်မူဝါဒများ၊ တန်ဖိုးများနှင့်လည်း လိုက်လျောညီထွေဖြစ်စေ ရန်ပံ့ပိုးလုပ်ဆောင်ပေးပါသည်။

## အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အစည်း

EFR Group Public Co., Ltd. အနေဖြင့် ၂၀၂၀ခုနှစ်ကုန်ပိုင်း၌မှတ်ပုံတင်ဖွဲ့စည်းထားသော အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များမှာ ဦးအောင်မင်းဟန်(အလုပ်အမှုဆောင်အရာရှိချုပ်)၊ ဒေါ်ခင်ဆုံ(ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်)၊ ဒေါ်ဇင်ငြိမ်းထွေး(အမှုဆောင်ဒါရိုက်တာ)၊ ဒေါ်နှင်းရည်မွန်(အမှုဆောင်ဒါရိုက်တာ)၊ ဒေါ်လဲ့လဲ့မူ(အမှုဆောင်ဒါရိုက်တာ)၊ ဦးသန်းအောင်

(အမှုဆောင်ဒါရိုက်တာ)နှင့် ဦးကျော်ကျော်သိန်း(အမှုဆောင်ဒါရိုက်တာ)တို့ဖြစ်ပါသည်။ ကုမ္ပဏီ၏ နေ့စဉ်စီမံခန့်ခွဲမှုနှင့်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များကိုဒါရိုက်တာဘုတ်အဖွဲ့မှ ခန့်အပ်ပါသည်။

## ဒါရိုက်တာဘုတ်အဖွဲ့နှင့်စီမံခန့်ခွဲမှုအဖွဲ့အကြားပူးပေါင်းဆောင်ရွက်မှု

ရန်ကုန်စတော့အိတ်ချိန်း၏စာရင်းဝင် အများပိုင်ကုမ္ပဏီဖြစ်သည့် EFR Group Public Co. , Ltd ကို ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များမှခန့်အပ်၊အကြံပေးနှင့်ကြီးကြပ်သော စီမံခန့်ခွဲရေးအဖွဲ့ဝင်များမှတာဝန်ယူလုပ်ဆောင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအသင်း၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥဒေများ၌ ၎င်း၏အဖွဲ့ဝင်တစ်ဦးချင်းစီအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများကိုသာမက အုပ်ချုပ်မှုဆိုင်ရာအခြေခံမူများ၊ အဖွဲ့အစည်း၊ စီမံခန့်ခွဲမှုနှင့်ကိုယ်စားပြုမှုဆိုင်ရာ စည်းမျဉ်းများကိုဖော်ပြထားပါသည်။ အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ကုမ္ပဏီသို့မဟုတ်အဖွဲ့အစည်းအတွက် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များမှ ဆုံးဖြတ်ရမည့်အထူးအရေးပါသောကိစ္စများမှလွဲ၍ ၎င်းတို့၏သက်ဆိုင်ရာဌာနများကို တာဝန်ယူကိုင်တွယ်လုပ်ဆောင်ပါသည်။ ၎င်းတို့သည်ဌာနတစ်ခုချင်းစီ၏အကျိုးစီးပွားများအား ကုမ္ပဏီ၏စုပေါင်း အကျိုးစီးပွားများအဖြစ် ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့၏ တာဝန်ဝတ္တရားအတွင်းရှိ သိသာထင်ရှားသောတိုးတက်မှုများအကြောင်းကိုစီမံခန့်ခွဲရေးအဖွဲ့အား တင်ပြရန်လိုအပ်ပါသည်။

ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်သည် ၎င်း၏စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ရာ၌ ဘုတ်အဖွဲ့၏လှုပ်ရှားမှုများအား ကုမ္ပဏီ၏အခြေခံရည်မှန်းချက်များ၊ စီမံကိန်းများနှင့်ကိုက်ညီစေပြီး ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှု မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များအနေဖြင့် ဆုံးဖြတ်ချက်များချသည့်အခါ ကိုယ်ပိုင်အကျိုးစီးပွားအတွက်ဆောင်ရွက်ခြင်း သို့မဟုတ် ကိုယ်ကျိုးစီးပွားအတွက်ကော်ပိုရိတ် စီးပွားရေးအခွင့်အလမ်းများကို အသုံးချခြင်းတို့အား လုံးဝရှောင်ကျဉ်ရမည်ဖြစ်သည်။ အကယ်၍ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ ပေါ်ပေါက်လာပါခဲ့ပါက ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ နှောင့်နှေးခြင်းမရှိပဲ ထုတ်ဖော်ပြောကြားအသိပေးရမည်။ ထို့အပြင် အခြား စီမံခန့်ခွဲမှုဆိုင်ရာ အသင်းဝင်ဒါရိုက်တာများအားလည်း ချက်ချင်းအကြောင်းကြားပေးရမည်ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် စီမံခန့်ခွဲမှုအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများရေးဆွဲရာ၌ ၎င်းတို့နှင့် အတူပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့နှင့်ဒါရိုက်တာဘုတ်အဖွဲ့တို့သည် ကုမ္ပဏီအုပ်စုတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သောမဟာဗျူဟာများ၊ လုပ်ငန်းခွဲများ၏ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေး အနေအထားနှင့် စွမ်းဆောင်ရည်များ၊ အဓိကစီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များ၊ ဖက်စပ်လုပ်ငန်းများနှင့်အလားအလာရှိသောရင်းနှီးမြှုပ်နှံမှုများ၊ စည်းကမ်းလိုက်နာခြင်းနှင့်စည်းကမ်းလိုက်နာမှုနှင့် စပ်လျဉ်းသောစီမံခန့်ခွဲမှုများ၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်၎င်းတို့အပေါ် စီမံခန့်ခွဲမှုများနှင့် စီးပွားရေးတိုးတက်မှုဆိုင်ရာစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်သောအခြေအနေများအားလေ့လာဆန်းစစ်ခြင်းတို့အား ပုံမှန် ဆွေးနွေးကြပါသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် အရေးကြီးသောကိစ္စရပ်များပေါ်ပေါက်လာပါက ဒါရိုက်တာဘုတ်အဖွဲ့သို့ ချက်ချင်းတင်ပြပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်သည်လည်း လက်တလောဖြစ်ပေါ်နေသော အခြေအနေအကြောင်းအရာများနှင့် အနီးကပ်ထိတွေ့လျက်ရှိသည်။

ဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကော်မတီများမှ သီးခြားအစည်းအဝေးများ၌ ကြိုတင်ပြင်ဆင်ထားကြသည်။ ဘုတ်အဖွဲ့၏မျက်နှာစုံညီအစည်းအဝေးတစ်ခုစီ၌ ကော်မတီအသီးသီး၏လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်

သည့် အသေးစိတ်အချက်အလက်အစီရင်ခံစာများပါဝင်ပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် ၎င်းတို့တာဝန်များအား ထမ်းဆောင်ရန် ကုမ္ပဏီမှသင့်တော်သောပံ့ပိုးမှုရရှိရန်လိုအပ်သောသင်တန်းများနှင့် လုပ်ငန်းကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအစီအမံများရရှိစေရန်အတွက်ပုဂ္ဂိုလ်ရေးအရတာဝန်ရှိပါသည်။

## ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

ကုမ္ပဏီ၏အုပ်ချုပ်မှုနှင့် မဟာဗျူဟာဦးတည်ချက်အတွက် လုပ်ဆောင်ရမည့်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ကုမ္ပဏီ၏အထွေထွေစီးပွားရေးနှင့်အုပ်ချုပ်မှုအခြေခံမူများချမှတ်ရန်
- ကုမ္ပဏီ၏ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှု သုံးသပ်ရေးဆိုင်ရာမူဝါဒများနှင့် ရင်းနှီးမြှုပ်မှုဆိုင်ရာနည်းဗျူဟာများ ချမှတ်ရန်
- ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် သို့မဟုတ် ရုပ်သိမ်းရန်၊ ကုမ္ပဏီများပေါင်းစည်းခြင်းနှင့်ဝယ်ယူခြင်း (M&A) လုပ်ငန်းကိစ္စ များခွင့်ပြုပေးရန်
- ကုမ္ပဏီ၊ စီမံခန့်ခွဲမှုအဖွဲ့၏စွမ်းဆောင်ရည်ကိုကြီးကြပ်ကွပ်ကဲရန်နှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအား စနစ်တကျ ဖွဲ့စည်းတည်ထောင်ရန်
- ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအခြေအနေများ၊ အရင်းအမြစ်များ၊ ဘဏ္ဍာရေးနှင့်စွမ်းဆောင်ရည်များနှင့် ပတ်သတ်သော အစီရင်ခံစာများအား သုံးသပ်ရန်
- စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့ဝင်များခန့်အပ်ရန်

## ၂၀၂၀ ခုနှစ်တွင်ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှကိုင်တွယ်ဖြေရှင်းခဲ့သည့်လုပ်ငန်းဆောင်တာများ

- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာများနှင့်စီးပွားရေးစီမံကိန်းများအားပြန်လည်သုံးသပ်ခြင်း၊ ရည်မှန်းချက်များ ချမှတ်၍ ၎င်းတို့အားအကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာခွင့်ပြုချက်များ ချမှတ်ပေးခြင်း။
- ကုမ္ပဏီများပေါင်းစည်းခြင်းနှင့်ဝယ်ယူခြင်း (M&A) လုပ်ငန်းကိစ္စများ နှင့်စပ်လျဉ်း၍ စောင့်ကြည့်အကဲဖြတ်ခြင်း။
- အသစ်ဖွဲ့စည်းထားသော ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် A Logistics Co. , Ltd. ၏ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ရလဒ်များအား စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း။
- လုံခြုံရေး၊ စည်းကမ်းလိုက်နာမှု မူဘောင်များနှင့်အဖွဲ့အစည်းများအားပြန်လည်သုံးသပ်ခြင်း။
- ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ၊ ကြွေးမြီများနှင့် အရင်းအနှီးဖွဲ့စည်းပုံ (capital structure) များအား စောင့်ကြည့်လေ့လာခြင်း။
- ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအားမြှင့်တင်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအားဖွဲ့စည်းခြင်း
- ဘုတ်အဖွဲ့အားအကဲဖြတ်ခြင်း။
- 2020နှစ်ပတ်လည်အစီရင်ခံစာအားအတည်ပြုခြင်း၊လစဉ်နှင့်သုံးလပတ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် ခန့်မှန်းချက်များ ကိုသုံးသပ်ခြင်း။

## ၂၀၂၀ ခုနှစ်တွင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ ကိုင်တွယ်ဖြေရှင်းခဲ့သည့် လုပ်ငန်းဆောင်တာများ

**အမည်နာမတင်သွင်းရေး၊ လုပ်ခလစာ အကျိုးခံစားခွင့်ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ**

- ဒါရိုက်တာဘုတ်အဖွဲ့များ၏မတူကွဲပြားသောစွမ်းဆောင်ရည်များ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ။
- ဘုတ်အဖွဲ့၏ဖွဲ့စည်းပုံ၊ ဆက်ခံသူရွေးချယ်ခြင်း နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ မတူကွဲပြားသော စွမ်းဆောင်ရည်များအားပြန်လည်သုံးသပ်ခြင်း။
- ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ်ရွေးချယ်ခံရသူများအားသတ်မှတ်ခြင်း။
- သီးခြားလွတ်လပ်မှုသတ်မှတ်ချက်များအားအကဲဖြတ်ခြင်း။
- အလုပ်အမှုဆောင်အရာရှိများ၏ လုပ်ခဝနေအကျိုးခံစားခွင့်စံနှုန်းများ သတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။
- ၂၀၂၀ နှင့် ၂၀၂၁ အတွက် စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ခ ဓနအကျိုးခံစားခွင့်များအစီအစဉ်များကို ဘုတ်အဖွဲ့သို့အဆိုပြုခြင်း။
- လုပ်ခဓန အကျိုးခံစားခွင့်များ သတ်မှတ်ခြင်းဆိုင်ရာပေါ်လစီနှင့် Incentive Guidelines များအား ပြောင်းလဲခြင်း၏ ပြန်လည်သုံးသပ်၍ အဆိုပြုခြင်း။

**စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ချေထိန်းချုပ်မှုစီမံခန့်ခွဲရေးကော်မတီ**

- ကုမ္ပဏီ၏ စာရင်းအင်းခန့်မှန်းခြေနှင့် အန္တရာယ်ဆုံးရှုံးနိုင်ချေ လေ့လာဆန်းစစ်မှုများ၊ စာရင်းကိုင်မူဝါဒများနှင့် အစီရင်ခံလုပ်ငန်းစဉ် သမာဓိသမတ်ရှိမှုအပါအဝင် ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံခြင်း လုပ်ငန်းစဉ်များအား စောင့်ကြည့်စစ်ဆေးခြင်း။
- နှစ်ပတ်လည်နှင့် ကြားဖြတ်ဘဏ္ဍာရေး အစီရင်ခံစာများနှင့်၂၀၂၀ခုနှစ်၌ ပြောင်းလဲလိုက်သော အစီရင်ခံခြင်းဖွဲ့စည်းပုံ ပြောင်းလဲခြင်းကို သုံးသပ်ခြင်း။
- လုပ်ငန်းတွင်းစီမံထိန်းချုပ်မှုစနစ်များ၊ လိမ်လည်မှုအန္တရာယ်နှင့် လိမ်လည်မှုကာကွယ်ခြင်း၏ ထိရောက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း။
- ပတ်သက်ဆက်နွယ်နေသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပူးတွဲအခွန်ကောက်ခံမှုများအား သုံးသပ်ခြင်း။
- စာရင်းစစ်အစီအစဉ်များ၊ အစီရင်ခံစာများ၊ ပြင်ပစာရင်းစစ်များ၏ လွတ်လပ်မှုနှင့်ရွေး ကောက်ပွဲအတွက် စာရင်းစစ်အား အကြံပြုရန်နှင့် အဓိကစာရင်းစစ်ကိစ္စရပ်များ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ဆွေးနွေးခြင်း။
- ကုမ္ပဏီအုပ်စု၏ လုပ်ငန်းတွင်းပိုင်း စာရင်းစစ်ဆေးမှု လုပ်ငန်းစဉ်များ၊ ၎င်း၏လွတ်လပ်မှု၊ နယ်ပယ်နှင့် စွမ်းဆောင်ရည်များ၊ အရင်းအမြစ်များနှင့် အစီရင်ခံမှုများ၊ စာရင်းစစ်တွေ့ရှိချက်များ၏ အဆုံးအဖြတ်များအား စောင့်ကြည့်စစ်ဆေးခြင်း။
- ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ချေ အန္တရာယ်စီမံခန့်ခွဲမှုမူဘောင်နှင့် လုပ်ငန်းစဉ်များအား ကြီးကြပ်ရန်နှင့် အဓိကစီးပွားရေး လုပ်ငန်းအန္တရာယ်များနှင့် ဆက်စပ်သော အန္တရာယ်များအား လျှော့ချရေး အစီအစဉ်များကို သုံးသပ်ခြင်း၊
- ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဒါရိုက်တာ၊ စာရင်းကိုင်နှင့် ထိန်းချုပ်မှုဌာနမှူး၊ အခြားသောလုပ်ငန်းခွင် ခေါင်းဆောင်များ နှင့် ပြင်ပစာရင်းစစ်များနှင့်တွေ့ဆုံခြင်း။

**ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ**

- ကုမ္ပဏီ၏ စာရင်းအင်းခန့်မှန်းခြေနှင့် အန္တရာယ်ဆုံးရှုံးနိုင်ချေ လေ့လာဆန်းစစ်မှုများ၊ စာရင်းကိုင်မူဝါဒများနှင့် အစီရင်ခံလုပ်ငန်းစဉ် သမာဓိသမတ်ရှိမှုအပါအဝင် ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံခြင်း လုပ်ငန်းစဉ်များအား စောင့်ကြည့်စစ်ဆေးခြင်း။
- နှစ်ပတ်လည်နှင့် ကြားဖြတ်ဘဏ္ဍာရေး အစီရင်ခံစာများနှင့်၊ ၂၀၂၀ ခုနှစ်၌ ပြောင်းလဲလိုက်သော အစီရင်ခံခြင်းဖွဲ့စည်းပုံ ပြောင်းလဲခြင်းကို သုံးသပ်ခြင်း။
- လုပ်ငန်းတွင်း စီမံထိန်းချုပ်မှုစနစ်များ၊ လိမ်လည်မှုအန္တရာယ်နှင့် လိမ်လည်မှုကာကွယ်ခြင်း၏ ထိရောက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း။
- ပူးတွဲအခွန်ကောက်ခံမှုများစံနှုန်းများအားသုံးသပ်ခြင်း။
- မက်ခရိုစီးပွားရေး အကဲဖြတ်မှုနှင့် ဆက်စပ်သော နည်းဗျူဟာဆိုင်ရာ ပိုင်ဆိုင်မှု ခွဲဝေမှုကို သုံးသပ်ခြင်း။
- ရင်းနှီးမြှုပ်နှံမှုအတွေးအခေါ်၊ စွန့်စားရမှုအဆင့်၊ ငွေဖြစ်လွယ်မှု၊ ပိုင်ဆိုင်မှုခွဲဝေချထားမှု၊ currency exposure နှင့် manager sizing and concentration အပါအဝင် ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့်လိုက်နာမှုကိုစောင့်ကြည့်ခြင်း။
- ဖြစ်လာနိုင်ချေရှိသော မက်ခရိုစီးပွားရေး၊ ဘဏ္ဍာရေးနှင့် အခြားမမျှော်လင့်သော အန္တရာယ်များအား ကောင်းမွန်စွာ တုံ့ပြန်နိုင်ရန်အလို့ငှာ စီမံကိန်းများရေးဆွဲခြင်း။
- EFR Group နှင့် Ayayar Hinthar Holdings Co., Ltd တို့အကြား ဖက်စပ်တည်ထောင် ထားသော A Logistics Co., Ltd ၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာရလဒ်များအားစောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း။

**ဥပဒေရေးရာကော်မတီ**

- အဖွဲ့အစည်းအနေဖြင့် ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ရေး စာရွက်စာတမ်းများကို နားလည်သဘောပေါက် လိုက်နာရန်နှင့် သက်ဆိုင်ရာဥပဒေများ စည်းကြပ်ရေး အဖွဲ့များ၏ စည်းမျဉ်းလိုအပ်ချက်များ၊ စာချုပ်၌ပါဝင်သည့် တာဝန်ဝတ္တရားများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ သေချာစေခြင်း။
- အလုပ်သမားဥပဒေ၊ အခွန်၊ ပူးပေါင်းဆောင် ရွက်ရေးလုပ်ငန်းများနှင့် နိုင်ငံတကာလုပ်ငန်း များနှင့် ပတ်သတ်သော ဥပဒေရေးရာ အကြောင်းအရာအမျိုးမျိုးအတွက် အမှုဆောင်အရာရှိများနှင့် ဘုတ်အဖွဲ့ဝင်များထံသို့ တိကျသော အကြံဉာဏ်များအား အချိန်မီပေးနိုင်ခြင်း။
- တိကျခိုင်မာသော လုပ်ငန်းတွင်း စီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒများကို သတ်မှတ်ပြီး လိုက်နာမှုအား ပုံမှန်စောင့်ကြည့် စစ်ဆေးခြင်း။
- စီးပွားရေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကွဲပြားခြားနားသော ဥပဒေရေးရာ Risk Factors များအား စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ချေ ထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီ နှင့် ပူးပေါင်း၍ အကဲဖြတ်ခြင်း။
- ထိရောက်သော စွန့်စားမှုစီမံခန့်ခွဲမှု နည်းစနစ်များအား အသုံးပြု၍ အလားအလာရှိသော ဥပဒေရေးရာကိစ္စရပ်များ အတွက် ကြိုတင်အကြံပေးခြင်း။
- ကုမ္ပဏီ၏ တရားဝင်အခွင့်အရေးများကို သေချာစေရန် သဘောတူညီချက်များ၊ စာချုပ်များနှင့် အခြားတရားဝင် စာရွက်စာတမ်းများကို ကြီးကြပ်၍ ခိုင်မာအောင်ပြုလုပ်ခြင်း။
- အဖွဲ့အစည်းအတွင်းရှိ လူများအား ဥပဒေဆိုင်ရာဘာသာစကား သို့မဟုတ် သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးခြင်း။
- A Logistics Co., Ltd ကုမ္ပဏီ ဖွဲ့စည်းပုံနှင့်ပတ်သတ်၍ ဒေသန္တရ အုပ်ချုပ်ရေး ဆိုင်ရာဥပဒေများ ထောက်ပံ့ပေးခြင်း။

# Board of Directors



U Kyaw Lwin Oo



U Maung Maung Oo



U Min Sein



Dr. Hla Theingi



Prof. Daw Hla Myint



U Aung Min Han



Daw Khin Sone



Daw Zin Nyein Htwe



Daw Hnin Yee Mon



Daw Lae Lae Mu

## ဦးကျော်လွင်ဦး

ဒါရိုက်တာဘုတ်အဖွဲ့၏ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့်အစုရှယ်ယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ

EFR တွင် ၂၂ နှစ်ကျော်အမှုထမ်းဆောင်ခဲ့သောကြောင့် သီးခြားလွတ်လပ်သည်ဟုမယူဆပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- K Efficient Logistics Consortium Co., Ltd (Director)
- Ever Flow River Agro Venture Co., Ltd (Director)
- EFR Hotel Group Co., Ltd (Director)

EFR Group ၏ ဥက္ကဋ္ဌတစ်ဦး ဖြစ်သော ဦးကျော်လွင်ဦးသည် မြန်မာနှင့်စင်ကာပူနိုင်ငံအကြား ပြေးဆွဲသော ပထမဆုံး ကွန်တိန်နာပို့ဆောင်ရေးကုမ္ပဏီဖြစ်သော Myanmar Container Line ၌ Operation Manager အဖြစ် ၁၉၉၀ မှ ၁၉၉၅ ခုနှစ်အထိတာဝန်ယူ လုပ်ကိုင်ခဲ့ပါသည်။ ဦးကျော်လွင်ဦးသည် Myanmar Container Line မှ ရရှိခဲ့သော အတွေ့အကြုံများ အား အခြေပြုပြီး ၁၉၉၈ ခုနှစ်၌ Ever Flow River Forwarding & General Services ကုမ္ပဏီလီမိတက်အား စတင် တည်ထောင်ခဲ့ပါသည်။

၎င်း၏စီးပွားရေး လုပ်ငန်းရှင်ဖြစ်လိုစိတ်နှင့် ဦးဆောင်မှုစွမ်းရည်တို့ကြောင့် EFR Group အနေဖြင့် ကြီးမားကျယ်ပြန့်သော ကွန်ယက်တစ်ခုအား စတင်ဖန်တီးနိုင်ခဲ့ပြီး ထိုကွန်ယက်၌ အမျိုးမျိုးသောအေးဂျင့်များ၊ အခြားသောနိုင်ငံတကာအဆင့်မီ မိတ်ဖက်အဖွဲ့အစည်းများ/ကိုယ်စားလှယ်များနှင့် လက်တွဲလုပ်ဆောင်နိုင်ခဲ့ပြီး ထိုအဖွဲ့များ၌ ပါဝင်သော လေကြောင်းလိုင်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းပို့ဆောင်ရေး(IFF)များနှင့် ပူးပေါင်းကာ ပြည်တွင်းပြည်ပရှိ နိုင်ငံတကာ ဖောက်သည်များသို့ ထိရောက်မှုရှိရှိ လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ ထို့အပြင် ဦးကျော်လွင်ဦးသည် သယ်ယူထောက်ပံ့ ပို့ဆောင်ရေးအပိုင်း၌လည်း မတူညီကွဲပြားခြားနားသော နည်းလမ်းများဖြင့် လုပ်ကိုင်တိုးချဲ့ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဦးကျော်လွင်ဦးသည် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၌လည်း ဥက္ကဋ္ဌရာထူးကိုထမ်းဆောင်လျက်ရှိသည်သာမက ငွေဆောင်ဟိုတယ်ဇုန်၊ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA) တွင် အကြံပေးအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) ၌ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှုများအသင်း (MCBA) ၏တည်ထောင်သူ အဖွဲ့ဝင် တစ်ဦးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဦးကျော်လွင်ဦးသည် ၎င်း၏စီးပွားရေး လုပ်ငန်းရှင် ဖြစ်လိုသည့် စိတ်ဆန္ဒကြောင့်သာလျှင် ယခု လက်ရှိနေရာသို့ ရောက်ရှိလာနိုင်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအပြောင်းအလဲဆိုင်ရာ အခွင့်အရေးများကို ကောင်းမွန်စွာအသုံးချ၍ အထက်အစိုးရ အဖွဲ့အစည်းများ ၏ ခွင့်ပြုချက်များကိုရယူပြီး မြန်မာနိုင်ငံ၏ သယ်ယူထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော် အဆင့် အဆင့်မြင့်တင် ဆောင်ရွက်နိုင်ရန်စီစဉ်ထားပြီးဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ပါက မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်း နိုင်ငံများကဲ့သို့ ကုန်စည်သယ်ယူပို့ဆောင်ရေးအပိုင်း၌ အများနည်းတူ ရင်ဘောင်တန်းလာနိုင်မည်ဖြစ်ပါသည်။

## ဦးမောင်မောင်ဦး

ဒါရိုက်တာဘုတ်အဖွဲ့၏ဒုတိယဥက္ကဌ

အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၊ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ချေထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၊ ဥပဒေရေးရာကော်မတီတို့၏အဖွဲ့ဝင်

EFR တွင် ၂၂ နှစ်ကျော် အမှုထမ်းဆောင်ခဲ့သောကြောင့် သီးခြားလွတ်လပ်သည်ဟုမယူဆပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- မရှိ

EFR Group ၏ ဒုတိယဥက္ကဌ ဖြစ်သော ဦးမောင်မောင်ဦးသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ သာမက ၂၀၀၂ ခုနှစ်၌ နိုင်ငံတကာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းအားလည်း တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်ရရှိထားပါသည်။ ထို့အပြင် ၂၀၀၃ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ပင်လယ်ရေကြောင်းဥပဒေဆိုင်ရာ ဒီပလိုမာနှင့် MIFFA & AFFA မှချီးမြှင့်သော ဘက်စုံသယ်ယူပို့ဆောင်ရေး( Multimodal Transport) ပညာရပ်ဆိုင်ရာ သင်တန်းဆင်း လက်မှတ်ကိုလည်းရရှိခဲ့ပါသည်။ ဦးမောင်မောင်ဦးသည် ၁၉၉၈ ခုနှစ်တွင် EFR Forwarding & General Services Co., Ltd ( အခွန်ရေးရာရှင်းလင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ အခြားသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကုမ္ပဏီ) တွင် အရောင်းမြှင့်တင်ရေးမန်နေဂျာအဖြစ် စတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်၊ ဧပြီ လမှစတင်၍ World Class Container Carrier and Shipping Agency) (ကွန်တိန်နာဝန်ဆောင်မှုလုပ်ငန်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်)တွင် အထွေထွေမန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ၂၀၀၇ ခုနှစ် အောက်တိုဘာလအထိဖြစ်သည်။ ယခုအချိန်တွင်  EFR Group ၏ ဒုတိယဥက္ကဌ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး MIFFA တွင်လည်း ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## ဦးမင်းစိန်

ဥပဒေရေးရာကော်မတီ၏ ဥက္ကဌ

အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီတို့၏အဖွဲ့ဝင်

သီးခြားလွတ်လပ်သည်ဟုမှတ်ယူသည်။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- **AYA Bank (သီးခြားလွတ်လပ်သော ဒါရိုက်တာ)**
- **Myanmar M1 Investment Co., Ltd (ဒါရိုက်တာ)**
- **Australia Myanmar Chamber of Commerce (အဖွဲ့ဝင်)**
- **U Hla Tun Hospice (စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်)**

EFR Group ၏ လွတ်လပ်သောဒါရိုက်တာ တစ်ဦးဖြစ်သော ဦးမင်းစိန်သည် သိပ္ပံပညာရပ်ဆိုင်ရာ ဘွဲ့အား ၁၉၆၆ ခုနှစ်၌ ရရှိခဲ့ပြီး ၁၉၇၁ ခုနှစ်၌ Registered Accountant တစ်ယောက်ဖြစ်လာခဲ့ပါသည်။ ထို့အပြင် ၁၉၆၉ ခုနှစ်၌ ကျင်းပခဲ့သော အထက်တန်းရှေ့နေစာမေးပွဲနှင့် ၁၉၇၅ ၌ ကျင်းပခဲ့သောမှတ်ပုံတင် ရှေ့နေစာမေးပွဲများကိုလည်း အောင်မြင်ခဲ့ပါသည်။ ဦးမင်းစိန်သည် သူ၏ဥပဒေပညာရပ်ဆိုင်ရာ လုပ်ငန်းများအား ၁၉၇၂ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် အောင်မြင်စွာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရှေ့နေတစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ တရားမဥပဒေ၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဥပဒေ၊ နိုင်ငံတကာစာချုပ်စာတမ်းများ၊ အသိဉာဏဆိုင်ရာဥပဒေ၊ အမွေဆက်ခံမှုဆိုင်ရာဥပဒေ၊ Personal Law ဆိုင်ရာဥပဒေစသော ဥပဒေ ပညာရပ်များအားအထူးပြုလေ့လာခဲ့ပါသည်။ ဦးမင်းစိန်သည် ရေဝတီဘဏ်၏ လွတ်လပ်သော ဒါရိုက်တာ တစ်ဦးလည်းဖြစ်ရုံသာမက Myanmar M1 Investment Company Limited ၏ဒါရိုက်တာ တစ်ဦးလည်းဖြစ်ပါသည်။ ထို့ပြင် သူသည် Auatrlia-Myanamr Chamber of Commerce ၏ အသင်းဝင်တစ်ဦးဖြစ်ပြီး ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၏စီမံခန့်ခွဲမှု ကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါသည်။

သူသည်သင်ကြားရေးပိုင်းတွင်လည်း အတွေ့အကြုံရှိပြီး အစိုးရအရာရှိများကိုသာမက ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးဌာနနှင့် သင်ကြားရေးဌာနများတွင်လည်း စီးပွားရေးဥပဒေ (Commercial Law) အား ၁၉၈၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ သင်ကြားခဲ့ပြီး CPA 24th Batch တွင်လည်း တာဝန်ယူသင်ကြားခဲ့ပါသည်။

### ဒေါက်တာလှသိင်္ဂီ

စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ချေထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီ၏ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏အဖွဲ့ဝင်

သီးခြားလွတ်လပ်သည်ဟုမှတ်ယူသည်။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- MADP Distribution Co., Ltd (အမှုဆောင်အရာရှိချုပ်)

ဒေါက်တာလှသိင်္ဂီသည် EFR Group ၏ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူမသည် Bachelor of Business Administration နှင့် MBA ဘွဲ့တို့ကို Assumption University Thailand မှရရှိခဲ့ပြီး PhD ဘွဲ့ အား Asian Institute Technology Thailand မှရရှိခဲ့ပါသည်။ သူမသည် CFA Level 1အားလည်း ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်ပါသည်။ ပါမောက္ခ တစ်ဦးဖြစ်သည့်အားလျော်စွာ ဒေါက်တာလှသိင်္ဂီသည် ဘွဲ့လွန်ကျောင်းသား၊ ဘွဲ့ရကျောင်းသားများနှင့် ဘွဲ့ကြိုကျောင်းသားများ အား စီးပွားရေး၊ ဘဏ္ဍာရေးနှင့်စာရင်းကိုင်ပညာရပ်၊ နိုင်ငံတကာစီးပွားရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဈေးကွက်ဖော်ဆောင်ရေး နှင့် သုတေသနလုပ်ငန်း ဟူသည့် ဘာသာရပ်ပေါင်းစုံအား သင်ကြားပေးလျက်ရှိပါသည်။ သူမသည် ၂၀၁၃ ခုနှစ်၌ "Export Import Practice: ASEAN Focus" ဟူသည့် စာအုပ်ကိုလည်းထုတ်ဝေခဲ့ပါသည်။ သူမသည်အဖွဲ့အစည်းအမျိုးမျိုး၊ ကွန်ဖရန့်များနှင့် ဂျာနယ်အမျိုးမျိုးတို့၌ Mentor၊ Guest Speaker၊ Reviewer နှင့်အယ်ဒီတာအဖြစ် လုပ်ကိုင်လျက်ရှိပါသည်။ သူမ၏ မကြာမီကာလက ဆောင်ရွက်ခဲ့သည့် သုတေသန၊ဂျာနယ်နှင့် စာအုပ်ပုံနှိပ်ထုတ်ဝေမှုများသည် SME များ၊

ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဖြည့်ဆည်းမှု၊ Remittance ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာစီးပွားရေး Ethical Business Technology Transfer နှင့် Technology Acceptance တို့နှင့်သက်ဆိုင်ပါသည်။

Practitioner တစ်ဦးအဖြစ် သူမသည် ယခုလက်ရှိ၌ MADP Distributing Co., Ltd ၏ အလုပ်အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်အစာနှင့် ပညာရေး ကုမ္ပဏီများ၏ ဘဏ္ဍာရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် Executive Coach အဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်၌ သူသည် Myanmar Automobile Development Public Cp., Ltd. တွင် အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သူမသည် မြန်မာနိုင်ငံ၌ သူမ၏ ကိုယ်ပိုင်ကွန်တိန်နာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအား နှစ်ပေါင်း ၂၀ ကျော်ကြာ ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ သူမသည် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ Department of International Business Management, Martine de Tour School of Management, Assumption University, Thailand တွင် ဒုတိယဉက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သူမသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ Research Support Committee, Assumption University, Thailand ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ခဲ့ပါသည်။

## ပါမောက္ခဒေါ်လှမြင့်

အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၏ဉက္ကဌ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏အဖွဲ့ဝင်

သီးခြားလွတ်လပ်သည်ဟုမှတ်ယူသည်။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- Department of Management, Yangon University of Economics (ဂုဏ်ထူးဆောင်ပါမောက္ခ)
- Myanmar Human Resources Co., Ltd (ပညာရေးဆိုင်ရာအကြံပေး)
- Myanmar Women Entrepreneurs Association (အကြံပေး)

ပါမောက္ခဒေါ်လှမြင့်သည် EFR Group ၏ လွတ်လပ်သောဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ သူမသည် စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com.) ဘွဲ့ကိုရရှိထားပြီး စက်မှု (၁) ဝန်ကြီးဌာနမှကျင်းပသော စီမံကိန်းစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ UNDP/UNIDO အလုပ်ရုံဆွေးနွေးပွဲ၊ Smasung မှ ကျင်းပသော မြန်မာ-ကိုရီးယား အမှုဆောင်စီမံခန့်ခွဲမှု ပရိုဂမ်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားရေးမှူးဦးစီးဌာနနှင့် Advill Consultancy တို့ပူးတွဲကျင်းပသည့် ခရီးသွားလာရေး လုပ်ငန်းမြှင့်တင် သင်တန်းစသည်တို့အား တက်ရောက်ခဲ့ပါသည်။ ထို့အပြင်သူသည် ၁၉၆၁ မှ ၁၉၆၂ ခုနှစ်တွင် University of Kansa City, Missouri, USA ၌ M.Econ (Development Economics) ဘွဲ့ကိုလည်းကောင်း၊ University of California, Laos Angeles မှ MBA (Management Information System) ဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး UNESCO fellowship Programme ကိုလည်းကောင်း တက်ရောက်ခဲ့ပါသည်။ ထို့အပြင် သူမသည် Kasertsart University, Bangkok, Thailand သို့ Business Administration ဘာသာရပ်ဖြင့် Study Tour သွားရောက်လေ့လာခဲ့ပါသည်။

ပါမောက္ခဒေါ်လှမြင့်သည် လက်ရှိအချိန်၌ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှိ စီမံခန့်ခွဲမှုပညာဌာန၏ ဂုဏ်ထူးဆောင်ပါမောက္ခ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သူမသည် Myanmar Human Resources Co., Ltd. ၏ Faculty member နှင့်

ပညာရပ်ပိုင်းဆိုင်ရာ အကြံပေးတစ်ဦးလည်းဖြစ်ပြီး မြန်မာ့အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ အကြံပေး ပုဂ္ဂိုလ်တစ်ဦးအဖြစ်လည်းကောင်း၊ STI Education ၏အကြံပေးပုဂ္ဂိုလ်နှင့် အကြီးတန်း သင်ကြားပို့ချသူ တစ်ဦးအဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

သူမသည်သင်ကြားရေးဆရာမ၊ ကထိက၊ တွဲဖက် ပါမောက္ခ၊ ပါမောက္ခအစရှိသည့် ရာထူးများဖြင့် အောက်ပါပညာရေး အဖွဲ့ အစည်းများ၌ တက္ကသိုလ်မဟာဌာနအဖွဲ့တွင် (Faculty Member)တစ်ဦးအနေဖြင့် ၃၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁။ စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်တက္ကသိုလ်

၂။စီးပွားရေးပညာဌာန၊ စစ်ပညာလေ့ကျင့်သင်ကြားရေး ကျောင်း၊ ပြင်ဦးလွင်

၃။ဝါဏိဇ္ဇဗေဒပညာဌာန၊ စီးပွားရေးသိပ္ပံ၊ ရန်ကုန် တက္ကသိုလ်

၄။စီးပွားရေးပညာဌာန၊ ပညာရေးသိပ္ပံ၊ ရန်ကုန် တက္ကသိုလ်

၅။စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာဌာန၊ စီးပွားရေးသိပ္ပံ၊ ရန်ကုန် တက္ကသိုလ်

## ဦးအောင်မင်းဟန်

အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီတို့၏အဖွဲ့ဝင်

EFR Group Public Co., Ltd ၏ အလုပ် အမှုဆောင်အရာရှိချုပ်ဖြစ်နေခြင်းကြောင့် သီးခြား လွတ်လပ် သည်ဟုမယူဆပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- A&H Development Co., Ltd (ဒါရိုက်တာ)
- SIM Co., Ltd (ဒါရိုက်တာ)
- Open Sesame Co., Ltd (ဒါရိုက်တာ)

ဦးအောင်မင်းဟန်သည် EFR Group ၏ အလုပ်အမှုဆောင်အရာရှိချုပ်တစ်ဦးဖြစ်ပါသည်။ သူသည် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ၂၀၀၁ ခုနှစ်တွင်ရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် Certificate of Internal Auditor Training Course ကိုလည်းကောင်း၊ Certificate of International Freight Management in Multimodal Transport နှင့် Certificate in Multimodal Transport တို့ကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်းရယူခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုမဟာဘွဲ့ MBA ကို ရရှိခဲ့ပါသည်။

ဦးအောင်မင်းဟန်သည် EFR Group နှင့် ၁၉၉၇ ခုနှစ်လ၌ လက်တွဲခဲ့ပြီး စတင်ဝင်ရောက်ခဲ့စဉ်က Ever Flow River Forwarding & General Services Co., Ltd. ၏ဈေးကွက်ရှာဖွေရေး အမှုဆောင်အဖြစ် လုပ်ဆောင်ခဲ့ပြီး ထို့မှတစ်ဆင့် ဈေးကွက်ရှာဖွေရေး မန်နေဂျာအဖြစ်သို့လည်းကောင်း၊ EFR Group ၏ စီးပွားရေးလုပ်ငန်းခွဲတစ်ခု၏ အထွေထွေမန်နေဂျာ အဖြစ်လည်းကောင်း၊ တစ်ဆင့်ချင်းစီ ရာထူးတိုးမြှင့်ခံခဲ့ရပါသည်။ ၎င်း၏လူမှုရေးကျွမ်းကျင်မှု၊ ဈေးကွက်ရှာဖွေရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်၌ အတွေ့အကြုံ ရင့်ကျက်မှုများကြောင့် ထိပ်ပိုင်းစီမံခန့်ခွဲမှုဆိုင်ရာ ရာထူးများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ ပါသည်။ ကျွမ်းကျင်မှု၊ ပါရမီရှိမှု၊ ရည်မှန်းချက်ပေါ်၌ နှစ်မြှုပ်ထားနိုင်မှုတို့ဖြင့် တက်ကြွစွာဆောင်ရွက်တတ်သော လူငယ်

ပါရမီရှင် ဦးအောင်မင်းဟန်သည် ၂၀၁၂ ခုနှစ်မှစ၍ အလုပ်အမှုဆောင်အရာရှိချုပ်အဖြစ်နှင့် EFR Group ၏ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတစ်ဦး အဖြစ်ခန့်အပ်ခံခဲ့ရပါသည်။

ထို့အပြင် ဦးအောင်မင်းဟန်သည် MIFFA နှင့် MMMDA ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။

**ဒေါ်ခင်ဆုံ**

ဒါရိုက်တာဘုတ်အဖွဲ့၊ အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၊ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ချေထိန်းချုပ်မှု စီမံခန့်ခွဲရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီ၊ ဥပဒေရေးရာကော်မတီတို့၏အဖွဲ့ဝင်

EFR Group Public Co., Ltd ၏ Group Finance Director အဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် သီးခြားလွတ်လပ်သည်ဟု မမှတ်ယူပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- Golden Host Travels & Tours Co., Ltd (ဒါရိုက်တာ)
- Win Wealth Trading Co., Ltd (ဒါရိုက်တာ)

EFR Group ၏ ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ဆုံသည် ရန်ကုန်တက္ကသိုလ်မှ သင်္ချာဘာသာရပ် အထူးပြုဘွဲ့ကို ၁၉၉၅ ခုနှစ်တွင်ရရှိခဲ့ပါသည်။ သူမသည် နိုင်ငံခြားဘာသာတက္ကသိုလ်မှ တရုတ်ဘာသာရပ် ဒီပလိုမာရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ စီးပွားရေး ဥပဒေပညာရပ်ဆိုင်ရာဒီပလိုမာကိုလည်း ရရှိထားသူဖြစ်ပါသည်။ ဒေါ်ခင်ဆုံသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးအပ်သော သံတမန်ရေးရာသင်တန်းဆင်းလက်မှတ်ကိုလည်းရရှိထားပြီး LCCI (Level I, II, and III) ကိုလည်း ၂၀၀၃ ၌အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ သူမသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘဏ်လုပ်ငန်း နှင့် ဘဏ္ဍာရေးပညာရပ်ဆိုင်ရာမဟာဘွဲ့ကိုလည်း ရရှိထားပါသည်။

ဒေါ်ခင်ဆုံသည်ဘွဲ့ရပြီးနောက် ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ခုနှစ်ထိ Eagle Group ၌ စာရင်းကိုင်ချုပ် အကူအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်း၌ EFR Group ၏ Shipping Line တစ်ခုဖြစ်သော Gold Shipping Agency Services ကုမ္ပဏီ၌ ၂၀၀၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စျေးကွက်အမှုဆောင်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာမှ သူမ၏အလုပ်အပေါ်ထားရှိသော ကတိကဝတ်နှင့် နှစ်ပေါင်းများစွာ ဝန်ဆောင်မှုပေးခဲ့ခြင်းကြောင့် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာအထိ အဆင့်ဆင့်ရာထူးတိုးမြင့်ခြင်းခံရပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ်မှစတင်ကာ ယခုအချိန်ထိ သူမသည်ဘဏ္ဍာရေး အရာရှိချုပ်အဖြစ်တာဝန်ထမ်းဆောင်နေပါသည်။

ထို့အပြင်သူမသည် မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း၊ MIFFA ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ဒေါ်ဇင်ငြိမ်းထွေး

ဒါရိုက်တာဘုတ်အဖွဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီတို့၏အဖွဲ့ဝင်

EFR Group Public Co., Ltd ၏ အလုပ်အမှုဆောင် ဒါရိုက်တာရာထူးကြောင့်လွတ်လပ်သည်ဟုမမှတ်ယူပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- မရှိပါ။

ဒေါ်ဇင်ငြိမ်းထွေးသည် EFR Group ၏ အမှုဆောင်ဒါရိုက်တာများထဲမှ တစ်ဦးအပါအဝင်ဖြစ်ပြီး Myanmar Round World Logistics Co., Ltd. နှင့် EFR Trading Co., Ltd. ၏ အဓိကတာဝန်ရှိ သူတစ်ဦးလည်းဖြစ်ပါသည်။ သူမသည် ၂၀၀၁ ခုနှစ်၌ EFR Group ၌ စတင်ဝင်ရောက်ခဲ့ပြီး တစ်ချိန်ထဲမှာပင် ရူပဗေဒဘာသာရပ်အထူးပြု ဘွဲ့ကြိုသင်တန်းအား ရန်ကုန်အဝေးသင် တက္ကသိုလ်၌ သင်ယူခဲ့ပါသည်။ သူမသည် အဖွဲ့အစည်း၌ ညှိနှိုင်းဆွေးနွေးမှုအတွက် ဦးဆောင်မှုအဖြစ်လည်းကောင်း၊ အရောင်းမြှင့်တင်ရေး ဈေးကွက်ရှာဖွေ ရေး ညှိနှိုင်းရေးမှုးအဖြစ်လည်းကောင်း၊ ဝယ်ယူသူများအား ဝန်ဆောင်မှုပေးသောအမှုဆောင်အဖြစ်လည်းကောင်း၊ Mitsui O.S.K Lines ၏ တာဝန်ခံအဖြစ်လည်းကောင်း ရာထူးအမျိုးမျိုးဖြင့် တာဝန်မျိုးစုံယူ၍ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး အတွေ့အကြုံများစွာရရှိထားသူဖြစ်ပါသည်။

၂၀၀၇ ခုနှစ်၌ သူမ၏ ရာထူးအသစ်ဖြင့် ပြောင်းလဲတာဝန်မထမ်းဆောင်မီ နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်း၌ ဝီရိယစိုက်ထုတ် ဆောင်ရွက်ပေးခဲ့မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှုများအတွက် EFR Group မှ ကျေးဇူး အထူးတင်ရှိပါသည်။ ထို့အပြင် ဒေါ်ဇင်ငြိမ်းထွေးသည် Commercial Trading ကဏ္ဍအား ကျွမ်းကျင်နားလည်သူဖြစ်ပါသည်။

သူမသည် University of the Thailand Chamber of Commerce မှ MBA ဘွဲ့ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ Bsc. (Physics) ဘွဲ့ကိုလည်းကောင်း၊ Singapore Logistics Association Supply Chain Management ဆိုင်ရာ အဆင့်မြင့်ဒီပလိုမာဘွဲ့ အား လည်းကောင်း ရရှိထားပါသည်။

### ဒေါ်နှင်းရည်မွန်

ဒါရိုက်တာဘုတ်အဖွဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီတို့၏အဖွဲ့ဝင်

EFR Group Public Co., Ltd ၏ အလုပ်အမှုဆောင် ဒါရိုက်တာရာထူးကြောင့်လွတ်လပ်သည်ဟုမမှတ်ယူပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

- A&H Development Co., Ltd (ဒါရိုက်တာ)

ဒေါ်နှင်းရည်မွန်သည် EFR Group ၏ အလုပ်အမှုဆောင်ဒါရိုက်တာများထဲမှ တစ်ဦးဖြစ်ပြီး Gold Shipping Agency Services Ltd နှင့် Unison Choice Services Ltd. ကုမ္ပဏီတို့၏ အဓိကတာဝန်ရှိသူတစ်ဦးလည်းဖြစ်ပါသည်။ သူမသည် ၂၀၀၄ ခုနှစ်၌ စီးပွားရေးပညာအထူးပြုဘာသာရပ်ဖြင့် B.A (Economics) ဘွဲ့အား ပုသိမ်တက္ကသိုလ်မှ ရရှိခဲ့ပါသည်။ ဒေါ်နှင်းရည်မွန်သည်

EFR Group ကုမ္ပဏီသို့ ၂၀၀၄ ခုနှစ်ဇူလိုင်လ၌ ညှော်ကြိုနှင့် EFR Group ၏ ကိုယ်ရေးအရာရှိအနေဖြင့် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အဆိုပါရာထူးဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သူမသည် အမျိုးမျိုးသော လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ခဲ့ပြီး သူမ၏ တက်ကြွစွာသော လုပ်ဆောင်တတ်မှု၊ ဉာဏ်ထက်မြက်မှုတို့ကြောင့် EFR Group ၏ တာဝန်နှင့်ဝတ္တရားများအား လစ်ဟာမှုမရှိစေဘဲ စိတ်ကျေနပ်ဖွယ် အနေအထားအထိ လုပ်ဆောင်နိုင်ခဲ့ပါသည်။ သူမသည် ကမ္ဘာ့ထိပ်တန်းကွန်တိန်နာသယ်ယူပို့ဆောင်ရေးကုမ္ပဏီ (၁၀) ခု၌ တစ်ခုအပါအဝင်ဖြစ်သော Mitsui O.S.K Lines ၌ ထောက်ပံ့သူအဖြစ် လုပ်ကိုင်ခဲ့ပြီး ထိုမှတစ်ဆင့် CMA-CGM Lines ၏ မန်နေဂျာ (သွင်းကုန်ပိုင်းဆိုင်ရာတာဝန်ခံ) အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ထိုကုမ္ပဏီမှာလည်း ကမ္ဘာ့ထိပ်တန်းထိပ်တန်း (၁၀) ခုစာရင်းဝင်ဖြစ်ပါသည်။

သူမသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ EFR Group ၏ Conventional Department ၌နေရာမှ EFR Forwarding & General Services ကုမ္ပဏီအုပ်စု၏ အထွေထွေမန်နေဂျာအဖြစ်သို့ အဆင့်ဆင့် ရာထူးတိုးမြင့်ခံရကာ ယခုအချိန်၌ အလုပ်အမှုဆောင်ဒါရိုက်တာအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ဒေါ်လှဲ့လှဲ့မူ

ဒါရိုက်တာဘုတ်အဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲရေးကော်မတီတို့၏အဖွဲ့ဝင်

EFR Group Public Co., Ltd ၏ အလုပ်အမှုဆောင် ဒါရိုက်တာအဖြစ်ရာထူးကြောင့်လွတ်လပ်သည်ဟုမမှတ်ယူပါ။

အခြားစီမံခန့်ခွဲမှုတာဝန်များ -

မရှိပါ။

ဒေါ်လှဲ့လှဲ့မူ သည် EFR Group ၏ အလုပ်အမှုဆောင်ဒါရိုက်တာများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ပြီး EFR Logistics And Distribution Centre (Mandalay) Co., Ltd. ၏ တာဝန်ရှိသူ တစ်ဦးလည်းဖြစ်ပါသည်။

သူမသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ China Shipping ၌ အကြီးတန်းအရောင်းမြှင့်တင်ရေးနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာအမှုဆောင်အနေဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် ဒေါ်လှဲ့လှဲ့မူသည် Myanmar Indo Orient Co., Ltd. (ဤကုမ္ပဏီသည် CMA/CGM ၏ မြန်မာအေးဂျင့်အနေဖြင့် ဖွင့်လှစ်ထားပြီး) ၌ ဒုတိယ အထွေထွေမန်နေဂျာဖြစ်လာခဲ့ပြီး CMA/CGM ၏ အထွေထွေမန်နေဂျာရာထူးအား ၂၀၁၄ ခုနှစ်၌ ရရှိခဲ့ပါသည်။

ဒေါ်လှဲ့လှဲ့မူသည် ရူပဗေဒဘာသာရပ်အထူးပြုဖြင့် ဘွဲ့ ရရှိခဲ့ပါသည်။ ထို့အပြင် Myanmar International Freight Forwarder's Association နှင့် Singapore Air Cargo Agents Association တို့ ပူးပေါင်းဖွင့်လှစ်သည့် Air Freight Forwarder Basic Course သင်တန်းကိုလည်းကောင်း၊ ဂျပန်ထောက်ပံ့ရေးနှင့် ဖြန့်ဖြူးရေးဆိုင်ရာ ပရိဂရမ်သင်တန်းအားလည်းကောင်း၊ MIFFA နှင့်သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် The East-West Economics Corridor and Southern Economics Corridor သင်တန်းအားလည်းကောင်း တက်ရောက်ခဲ့ပါသည်။

# Management Team



U Aung Min Han

Daw Khin Sone



Daw Zin Nyein Htwe



Daw Hnin Yee Mon



Daw Lae Lae Mu



U Than Aung



U Kyaw Kyaw Thein

| Name | Role |
|---|---|
| U Aung Min Han | CEO |
| Daw Khin Sone | Group Finance Director |
| Daw Zin Nyein Htwe | Executive Director |
| Daw Hnin Yee Mon | Executive Director |
| Daw Lae Lae Mu | Executive Director |
| U Than Aung* | Executive Director |
| U Kyaw Kyaw Thein | Executive Director |

* *U Than Aung is also serving as a member of Investment and Portfolio Management Committee.*

# Remuneration

## The Nomination, Remuneration and Corporate Governance Committee

EFR Group Public Co., Ltd established the Nomination, Remuneration and Corporate Governance Committee to ensure that the remuneration policy and practices support the company's strategy and create value for shareholders.

Since the establishment of the Committee, it has been committed to strengthen the governance, and structuring the annual remuneration agenda. This allows the Committee to follow a steady cadence which supports the consistency and quality of its work.

In 2020, the disclosure of the management remuneration has been a focus area. The Committee is working towards ensuring increased transparency for shareholders as well as identifying how remuneration can be actively utilized to connect the interests of the management team with shareholder interests. The Committee is working on to provide greater transparency, and it will continue to be developed in future.

## Introduction

As EFR Group Public Co., Ltd progress towards its vision of becoming the leading regional logistic solutions provider, management remuneration continues to be a key factor in emphasizing business priorities including financial performance, operational progress, and customer experience. Management remuneration program at EFR Group Public Co., Ltd is designed to achieve the business goals in line with the Group's core values.

This section provides an overview of:

- EFR Group Public Co., Ltd's remuneration philosophy and objectives applicable to the Board of Directors and the Management Team.
- The components of BOD and Management remuneration.
- The total remuneration awarded to the Board of Directors and Management Team members in 2020.

## Remuneration Objectives and Philosophy

Remuneration at EFR Group Public Co., Ltd is intended to drive a 'pay for performance' culture, by aligning reward to company performance and shareholder value creation.

The remuneration policy for the Board of Directors and the Management Team is aligned with the objectives and philosophy set out in the below table.

## Remuneration Objectives and Philosophy

| Objectives | Philosophy |
|---|---|
| **The remuneration policy and practices are designed to support:**<br>• Delivering strong business and financial results to grow shareholder value, and<br>• The attraction, retention and motivation of a highly effective executive team. | **The remuneration philosophy is built on the following principles:**<br>• Aligns the interests of executives with those of shareholders<br>• Pays for performance and the company's achievement of financial and strategic objectives<br>• Rewards behaviors that drive company growth through collaboration, agility and customer and people orientation |

## Remuneration Structure

### Management Team

Management Remuneration is decided by the Board of Directors based on recommendations from the Nomination, Remuneration and Corporate Governance Committee. The Board of Directors may delegate, in whole or in part, its decision-making powers to the Nomination, Remuneration and Corporate Governance Committee.

Remuneration levels are guided by comparison to other local and regional companies comparable size and complexity based in Myanmar and South East Asia Countries.

### Board of Directors

The Board of Directors considers director remuneration at least once a year based on recommendations from the Chairman of the Board. In formulating these recommendations, the Chairman is guided by comparisons to other local and regional companies of comparable size and complexity. The directors' remuneration for the previous year is announced at the Annual General Meeting as part of the Annual Report.

## Total Remuneration 2020

The table below shows the 2020 the financial impact of the remuneration awarded to the the Board of Directors and the Management Team;

**2020 BOD and Management Team Remuneration** (in millions)

| | 2020 | 2019 |
|---|---|---|
| Board of Directors | 187.2 | 212.05 |
| Management Team | 153.09 | 171.12 |

*Note: the remuneration package of U Aung Min Han, Daw Khin Sone, Daw Zin Nyein Htaw, Daw Hnin Yee Mon and Daw Lae Lae Mu are included both in Board of Directors and Management Team remunerations.*

# လုပ်ခစနအကျိုးခံစားခွင့်ချီးမြှင့်ရေး

## အမည်နာမတင်သွင်းရေး၊ လုပ်ခလစာ အကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၊

EFR Group Public Co., Ltd. အနေဖြင့် အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေး ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီအား တည်ထောင်ရခြင်း၏အဓိကရည်ရွယ်ချက်မှာ လုပ်ခစန အကျိုးခံစားခွင့်ချီးမြှင့်ရေးမူဝါဒများနှင့် လုပ်ဆောင်မှုများသည် ကုမ္ပဏီ၏နည်းဗျူဟာများ အားအထောက်အပံ့ပြုရန်နှင့် အစုရှယ်ယာရှင်များ၏ တန်ဖိုးကိုဖန်တီးပေးနိုင်ရန်ရည်ရွယ်ပါသည်။

ကော်မတီစတင်တည်ထောင်စဉ်မှပင် ကုမ္ပဏီအုပ်ချုပ်ရေးအား ပိုမိုအားကောင်းလာစေရန်နှင့်နှစ်စဉ် လုပ်ခလစာအကျိုးခံစားခွင့်ချီးမြှင့်ရေးအစီအစဉ်ကို ဖွဲ့စည်းတည်ဆောက်ရန် ကတိပြုလုပ်ဆောင်ခဲ့ပါသည်။ ထိုလုပ်ဆောင်ချက်သည် ကော်မတီအနေဖြင့် လုပ်ငန်းဆိုင်ရာတွင်တသမတ်ထဲဖြစ်မှု နှင့်လုပ်ငန်းအရည်အသွေးကို အထောက်အကူပြုစေပါသည်။

လုပ်ခလစာအကျိုးခံစားခွင့်ချီးမြှင့်ရေးဆိုင်ရာစီမံခန့်ခွဲမှုထုပ်ဖော်ချက်သည် ၂၀၂၀ ခုနှစ်၌ အလေးပေးလုပ်ဆောင်ခဲ့သောအရာဖြစ်ပါသည်။ ကော်မတီသည် အစုရှယ်ယာရှင်များအနေဖြင့် ပွင့်လင်းမြင်သာမှုတိုးမြှင့်ရေးနှင့် လုပ်ခလစာ အကျိုးခံစားခွင့်ချီးမြှင့်ရေးအစီအစဉ်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့နှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများအား ချိတ်ဆက်ဖော်ဆောင်နိုင်ရန် ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ပိုမိုပွင့်လင်းမြင်သာသော လုပ်ငန်းဆောင်တာများအားချပြနိုင်ရန်နှင့် ၎င်းတို့အား နောင်အနာဂတ်၌ ဆက်လက် ဖွံ့ဖြိုး တိုးတက်စေရန် ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။

## နိဒါန်း

EFR Group Public Co., Ltd ၏ မျှော်မှန်းချက်အတိုင်း ဒေသတွင်း ထိပ်တန်းထောက်ပို့ကုမ္ပဏီတစ်ခုဖြစ်လာစေရန် ကြိုးပမ်းနေသည်နှင့်အညီ၊ ကုမ္ပဏီ၏ စီးပွားရေးအရ ဦးစားပေးမှုများဖြစ်သည့်ဘဏ္ဍာရေးစွမ်းဆောင်ရည်များ၊ လုပ်ငန်းလည်ပတ်မှုတိုးတက်မှုနှင့် Customers များ၏ အတွေ့အကြုံများကောင်းမွန်ရေးတို့အတွက် စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ခလစာအကျိုးခံစားခွင့်သည် အရေးပါ ပါသည်။ EFR Group Public Co., Ltd အနေဖြင့် ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ခလစာအကျိုးခံစားခွင့်ချီးမြှင့်ရေးဆိုင်ရာအစီအစဉ်ကို ကုမ္ပဏီ၏အဓိကကျသော စံတန်ဖိုးများကို အောင်မြင်စွာ ဖော်ဆောင်နိုင်စေရန် အလို့ငှာ ရေးဆွဲထားပါသည်။

ဤအပိုင်းတွင်အောက်ဖော်ပြပါအကြောင်းအရာများကိုခြုံငုံထားပါသည် -

- ဒါရိုက်တာဘုတ်အဖွဲ့များ၊ စီမံခန့်ခွဲမှုအဖွဲ့များနှင့်သက်ဆိုင်သော EFR Group Public Co., Ltd ၏ လုပ်ခလစာ အကျိုးခံစားခွင့် အယူအဆများနှင့် ရည်ရွယ်ချက်များ
- ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ခလစာအကျိုးခံစားခွင့်ဆိုင်ရာ အစိတ်အပိုင်းများ
- ၂၀၂၀ ခုနှစ်တွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်များအား ပေးအပ်ခဲ့သော စုစုပေါင်း လုပ်ခလစာ အကျိုးခံစားခွင့်များ

### လုပ်ခစနအကျိုးခံစားခွင့်၏ရည်ရွယ်ချက်များနှင့်အယူအဆများ

EFR Group ၏ လုပ်ခလစာအကျိုးခံစားခွင့်မူဝါဒများသည် ကုမ္ပဏီ၏စွမ်းဆောင်ရည်တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်းနှင့် အစုရှယ်ယာရှင်များ၏ တန်ဖိုးကိုဖန်တီးပေးနိုင်စွမ်းတို့အတွက် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ ပေးအပ်ရန်ရည်ရွယ်ပါသည်။

အောက်ပါဇယားတွင် ဒါရိုက်တာဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်များအတွက် လုပ်ခမူဝါဒဆိုင်ရာရည်မှန်းချက်များနှင့် အယူအဆများအား ဖော်ပြထားပါသည်။

### လုပ်ခစနအကျိုးခံစားခွင့်၏ရည်ရွယ်ချက်များနှင့်အယူအဆများ

| ရည်ရွယ်ချက် | အယူအဆ |
|---|---|
| လုပ်ခမူဝါဒနှင့် အလေ့အကျင့်များသည် အောက်ပါ အချက်များအား ထောက်ပံ့ရန်ရည်ရွယ်ပါသည်-<br>• ခိုင်မာသော စီးပွားရေး လုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များဖြင့် အစုရှယ်ယာရှင်များ၏ တန်ဖိုးကို မြင့်တင်စေရန်<br>• စွမ်းဆောင်ရည်မြင့်သော အမှုဆောင်အဖွဲ့အား ဆွဲဆောင်ထိန်းသိမ်းထားနိုင်ရန်နှင့် ၎င်းတို့ကို စိတ်ဓာတ်လှုံ့ဆော်မှုများပေးနိုင်ရန် | လုပ်ခစနအကျိုးခံစားခွင့်အယူအဆများသည်အောက်ပါ အချက်များအပေါ်မူတည်၍ရေးဆွဲထားပါသည်-<br>• အမှုဆောင်အရာရှိများ၏အကျိုးစီးပွားနှင့် အစုရှယ်ယာရှင်များ၏အကျိုးစီးပွားများအား ကိုက်ညီမှုရှိစေရန်၊<br>• ကုမ္ပဏီ၏ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာမဟာဗျူဟာရည်မှန်းချက်များအားအကောင်အထည်ဖော်နိုင်စွမ်းပေါ်မူတည်၍လုပ်ဆောင်မှုများအား အကဲဖြတ်ရန်<br>• ပူးပေါင်းဆောင်ရွက်ခြင်း၊ သွက်လက်ချက်ချာခြင်း နှင့် customers**နှင့်လူ**ပုဂ္ဂိုလ်များကို ဗဟိုပြုခြင်း မှတဆင့်ကုမ္ပဏီ၏**ဖွံ့ဖြိုး**ကြီးထွားမှုဖြစ်စေခြင်း အပေါ်၌ ဆုလာဘ်များပေးရန် |

## လုပ်ခစနအကျိုးခံစားခွင့်ဖွဲ့စည်းပုံ

### အမှုဆောင်အရာရှိများ

အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအမှုဆောင်အရာရှိများ၏ လုပ်ခစနအကျိုးခံစားခွင့်အား အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေး ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ တင်သွင်းလာသော အဆိုပြုချက်များအပေါ်အခြေခံ၍ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ ဆုံးဖြတ်သတ်မှတ်ပေးပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့သည် ဆုံးဖြတ်ချက်ချပိုင်ခွင့် အခွင့်အာဏာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အမည်နာမတင်သွင်းရေး၊ လုပ်ခလစာအကျိုးခံစားခွင့် ချီးမြှင့်ရေးနှင့် ကောပိုရိတ်စီမံအုပ်ချုပ်ရေး ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လွှဲအပ်နိုင်ပါသည်။

လုပ်ခစနအကျိုးခံစားခွင့်များအား မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအပေါ်အခြေခံ၍ အခြားသောဒေသတွင်းနှင့် ပြည်တွင်းကုမ္ပဏီများနှင့် နှိုင်းယှဉ်ခြင်းဖြင့် လမ်းညွှန်ဆောင်ရွက်ထားပါသည်။

### ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ

